အာဏာသိမ်းမှုအလွန် ကချင်ပြည်နယ်ရှိ

# လူမှုရေးဆိုင်ရာသက်ရောက်မှုများ ဖြစ်ရပ်လေ့လာမှု

ဖြစ်ရပ်လေ့လာမှု



**မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက်**

**၂၀၂၁ နိုဝင်ဘာလ - ၂၀၂၂ ဇွန်လ**

## မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက် (MMWN)

မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက်သည် လူမှုကွန်ယက်တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် မြစ်ကြီးနားမြို့တွင် တည်ထောင်ခဲ့သည်။ ကွန်ယက်အဖွဲ့အစည်း ၁၁ ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ပြီး ရည်ရွယ်ချက်မှာ သတ္တုတူးဖော်ခြင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေးနှင့် မြန်မာနိုင်ငံတိုင်းရင်းသား လူမျိုးစုများအတွက် အရင်းအမြစ် များကို မျှဝေရန်နှင့် သင်ယူမှုများ ပြုလုပ်နိုင်ရန် ပလက်ဖောင်း တစ်ခုဖန်တီးရန်ဖြစ်သည်။ ယခုအချိန်တွင်အဖွဲ့ဝင် ၁၄ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော ကွန်ယက်တစ်ခု ဖြစ်သည်။

## ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခဲ့ကြသော အလှူရှင်များအား ကျွန်ုပ်တို့ ကျေးဇူး အထူးတင်ကြောင်း ဖော်ပြလိုပါသည်။ သုတေသနအစီရင်ခံစာ ပြုစုရေးသားနိုင်ရန် ငွေကြေးဖြင့် ပံ့ပိုးပေးသောအလှူရှင်များကို အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် MMWN အနေဖြင့် သုတေသန စာတမ်းအား အချက်အလက်မှန်ကန်မှုစစ်ဆေးရာတွင် ကူညီပေးခဲ့ကြသော ပုဂ္ဂိုလ်များ အားလုံးကို ကျွန်ုပ်တို့ ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

လုံခြုံရေးအန္တရယ်တွေကို ဘေးဖယ်ပြီး မြေပြင်အခြေအနေနှင့် ပတ်သက်သည့် အကြောင်းအရာ များကို လေ့လာခဲ့ကြပြီး၊ မေးမြန်းရာတွင်ဖြေဆိုသူအပါအဝင် MMWN ကွန်ယက်အဖွဲ့ဝင်များမှ ဝန်ထမ်းများနှင့် ကွင်းဆင်းသုတေသီများအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြား လိုပါသည်။ ထို့အပြင် ဤအစီရင်ခံစာ အတွက် ကူညီပေးခဲ့ကြသော အကြံပေးပုဂ္ဂိုလ်များနှင့် တည်းဖြတ်ပေးသူများကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

**အစီရင်ခံစာအကျဉ်းချုပ်**

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတထုတ်ယူသည့်လုပ်ငန်းသည် ပွင့်လင်းမြင်သာမှု နည်းပါးပြီး လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအများဆုံးဖြင့် ဆယ်စုနှစ်ချီ လည်ပတ်နေခဲ့သည်။ ၂၀၁၀-၂၀၂၀ ခုနှစ် ယခင်အရပ်သားအစိုးရ လက်ထက်အတွင်း ပြုပြင်ပြောင်းလဲမှုများ ရှိခဲ့သော်လည်း ၎င်းပြုပြင်ပြောင်းလဲမှုသည် လက်တွေ့တွင် ထင်ဟပ်ရန်လိုအပ်နေပါသည်။ ပိုဆိုးသည်မှာ အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံရေးနှင့် လူမှုရေးအကျပ်အတည်းကြောင့် သဘာဝသယံဇာတထုတ်ယူသည့် လုပ်ငန်းသည် အားနည်းနေသည့် စည်းမျဉ်းစည်းကမ်းစနစ်ဖြင့် ပြန်လည်လုပ်ဆောင်လည်ပတ်လျက်ရှိသည်။ ယခုအစီရင်ခံစာသည် အာဏာသိမ်းပြီးနောက်ပိုင်း ကချင်ပြည်နယ်မှ ဧရာဝတီမြစ်ဆုံဒေသတွင် ရွှေတူးဖော်ခြင်းနှင့် ဆက်စပ်သည့် ဖြစ်ရပ်မှန်လေ့လာချက်များကို ဆွေးနွေးတင်ပြထားပါသည်။

ကချင်ပြည်နယ်တွင် ဧရာဝတီမြစ်ဆုံအောက်ပိုင်းရှိ ရွှေတူးဖော်ရေးလုပ်ငန်းများ တိုးမြင့်လာသည်ကို တွေ့ရှိရသည်။ ရွှေတွင်းလုပ်သားများထံမှ အခွန်ကောက်ခံနိုင်ရန် ဗမာစစ်အစိုးရနှင့် ၎င်းတို့၏ လက်အောက်ခံပြည်သူ့စစ်များမှ ရွှေတူးဖော်လုပ်ငန်းလုပ်ကိုင်သူများကို ခွင့်ပြုမိန့်ထုတ်ပေးလျက် ရှိသည်ကို တွေ့ရသည်။ ထိုတူးဖော်မှု ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဒေသသဘာဝမျိုးစိတ်များ ချက်ချင်းပျက်စီးမှုများလည်းရှိသည်။ စက်ယန္တရားများဖြင့် ရွှေတူးဖော်ခြင်းကို ဆန့်ကျင်ကန့်ကွက် နေသည့်ဒေသခံတို့၏ လှုပ်ရှားမှုများသည် ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှု၊ ချေမှုန်းမှုများနှင့်သာ ကြုံတွေ့ခဲ့ရပြီး လျော်ကြေးပေးရန် ဒေသခံတို့၏ တောင်းဆိုချက်များကိုလည်း ငြင်းဆိုခဲ့ပါသည်။ ကပ်ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းကာလတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအပေါ် ထိခိုက်မှုများစွာ သက်ရောက်သည့် တရားမဝင်သဘာဝသယံဇာတထုတ်ယူသုံးစွဲမှု ပိုများပြားလာလျက်ရှိသည်။ ဤဖြစ်ရပ်လေ့လာမှုတွင် စစ်အာဏာရှင်တို့၏ လုံခြုံရေးတပ်ဖွဲ့နှင့် ပြည်သူ့စစ်တို့သည် သတ္တုတူးဖော်သည့် လုပ်ငန်းများကို လုပ်ပိုင်ခွင့်ပြုပြီး တိုက်ရိုက်အခွန်ကောက်ခံနေသောအဖွဲ့များပင် ဖြစ်သည်။ ၎င်းတို့သည် ပြည်သူမှ ရွေးချယ်ထားသောအဖွဲ့အစည်းမဟုတ်သောကြောင့် လုပ်ပိုင်ခွင့်များသည် တရားဝင်မှုလည်းမရှိပါ။ အမှန်တွင် အခွန်ကောက်ခံ ခြင်းကို ပြည်တွင်းအခွန်များဦးစီးဌာနကသာ စီမံခန့်ခွဲသင့်ပြီး သတ္တုတူးဖော်သည့်ပါမစ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ (သို့မဟုတ်) ပြည်နယ်/တိုင်းဒေသကြီးမှ ထုတ်ပေးရမည်။

သို့သော်လည်း လက်ရှိကာလတွင် အထက်ပါဖော်ပြချက်များသည် ဤသုတေသနလေ့လာမှုတွင် ဖော်ပြထားသည့် အခြေအနေနှင့် လုံ့ဝဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ကြားဖြတ်ကာလတွင်

အာဏာသိမ်းစစ်ကောင်စီသည် သူတို့ကိုယ်သူတို့ အိမ်စောင့် အစိုးရအဖြစ် ကြေငြာထားသော်လည်း တရားဥပဒေ စိုးမိုးရေးကို တာဝန်ယူလုပ်ဆောင်နိုင်ခြင်း မရှိသည့်အပြင် လေးစားလိုက်နာခြင်းလည်း မရှိသည်ကို တွေ့ရသည်။ ထို့အပြင် စစ်တပ်သည် တိုင်းပြည်ကို စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်ရန် မလိုလားကြပါ။ စစ်အာဏာရှင်တို့သည် အရပ်သားများ အထူးသဖြင့် တိုင်းရင်းသားများနှင့် အခြားလူနည်းစုများကိုဖိနှိပ်ရန် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရာတွင် သဘာဝ အရင်းမြစ်များမှ ကောက်ခံရရှိသော ဘဏ္ဍာငွေများကို အသုံးပြုနေပါသည်။

ထိရောက်သည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများမရှိလျှင် တရားမဝင်စီးပွားရေးလုပ်ငန်းများနှင့် အဂတိလိုက်စားမှုများ ကြီးထွားလာနိုင်ပြီး မြေယာသိမ်းဆည်းမှုများလည်း ပိုများလာမည်။ ရွှေ့ပြောင်း အလုပ်သမားဦးရေတိုးလာပြီး နိုင်ငံရေးနှင့် စီးပွားရေး အကျိုးစီးပွားအုပ်စုတွေကြား၊ ဒေသခံလူထုနှင့် ရွှေ့ပြောင်းသမားများကြား စသည့် ပဋိပက္ခများလည်း တိုးလာနိုင်ကာ ထိခိုက်လွယ်သော အုပ်စုများ ဖြစ်သည့် အမျိုးသမီးနှင့် ကလေးများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်ယူမှုလည်းများလာမည်။ သင့်လျော်သော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပဋိပက္ခများကို ဖြေလျော့မှုအစီအစဉ်များ ဆောင်ရွက်ခြင်းမရှိလျှင် ပျက်စီးဆုံးရှုံးမှု နှင့် သက်ရောက်မှုများသည် နဂိုမူလအတိုင်း ပြန်ပြီးမဖြစ်နိုင်ပေ။ သတ္တုတူးဖော်ရေးလုပ်ငန်းများ လက်ရှိနှုန်းအတိုင်း ဆက်လက်တူးဖော်နေပါက ကချင်ပြည်နယ်ရှိ ဒေသခံပြည်သူများ ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ သစ်တောနှင့် ရေအရင်းမြစ်များ ပျက်ဆီး၊ဆုံးရှုံးနိုင်ခြေများကာ နောင်တွင် ကချင်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်များ ပျောက်ကွယ်သွားမည်ဖြစ်သည်။

မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက် (MMWN) မှ အကြံပြုချက် များအား ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပြီး၊ မူဝါဒချမှတ်သူများနှင့် မြန်မာနိုင်ငံမှ အရပ်ဘက်အဖွဲ့အစည်းများကို အောက်ပါအတိုင်း တိုက်တွန်းထားပါသည်။

- ကချင်ဌာနေတိုင်းရင်းသားတို့၏ လူမျိုးအမှတ်သားနှင့် သမိုင်းကြောင်းများ၏ အရေးပါသည့် ယဉ်ကျေးမှုနေရာများ နှင့် မြစ်ကမ်းပါးတစ်လျှောက် နေထိုင်သူ သန်းပေါင်းများစွာသော မြန်မာ ပြည်သူများ၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက် ရန်။
- ကချင်ပြည်နယ်တွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ကို ကြီးကြီးမားမား ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်သည့် ရွှေတူးဖော်ရေးလုပ်ငန်းများကို ရပ်ဆိုင်းရန်။

- တိုင်းရင်းသားတို့၏ အကျိုးကို အလေးထားပြီး ၂၀၁၈ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေကို ဖျက်သိမ်းပေးရန်။

- လက်ရှိသတ္တုတူးဖော်ရေးကုမ္ပဏီများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ရန်။

- ဒေသခံပြည်သူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည့် ထိခိုက်လွယ်သော လူအုပ်စုအများအပေါ် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း နှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအပေါ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို ဥပဒေတရပ်အဖြစ် လိုက်နာစေရန် ကူညီပံ့ပိုးဆောင်ရွက်ရန်။

- ကချင်ဒေသရှိ ဒေသခံပြည်သူလူထုတို့၏ ယဉ်ကျေးမှုနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန် ထုတ်ဖော်ပြောဆိုသူများကို အကာအကွယ်ပေးရန်။

MMWN သည် မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသရှိ အရပ်ဘက်အဖွဲ့အစည်းများအား ကချင်လူမှု အသိုင်းအဝန်းတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ အသက်မွေးဝမ်းကျောင်း၊ ကျန်းမားရေး နှင့် ယဉ်ကျေးမှုများအပေါ် ထိခိုက်ပျက်စီးမှုများကို စောင့်ကြည့်သူအဖြစ် လုပ်ဆောင်ရန်၊ အသိပညာ ပေးအစီအစဉ်တို့ကို လုပ်ဆောင်ကာ ဒေသခံတို့ကိုယ်တိုင်ရပ်တည်လာနိုင်ပြီး စုပေါင်းလုပ်ဆောင်မှု တိုးတက်လာရန် ၎င်းတို့ကို စွမ်းရည်မြှင့်တင်ပေးရန် တောင်းဆိုအပ်ပါသည်။

.

**အစီရင်ခံစာပြုလုပ်ပုံနည်းနာများ**

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့က အာဏာသိမ်းပြီးနောက် မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက်အဖွဲ့မှ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအတွက်စိုးရိမ်ကြသည့်အဖွဲ့ဝင်များက နိုင်ငံတစ်ဝှမ်းလုံးတွင် သတ္တုတူး ဖော်ရေးလုပ်ငန်းများ အရှိန်အဟုန်ပြင်းစွာ လုပ်ကိုင်လာကြသည့်အပေါ် အကဲဖြတ်လေ့လာရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့ကြသည်။ လုံခြုံရေးနှင့် လက်လှမ်းမှီနိုင်မှုအပေါ်အခြေခံပြီး အောက်ပါ နေရာတို့ကို ရွေးချယ်ခဲ့ပါသည်။

- ကချင်ပြည်နယ် ဧရာဝတီမြစ်အောက်ပိုင်းတစ်လျှောက် (မြစ်ဆုံ) ရွှေတူးဖော်နေမှုအခြေအနေ

ဤအစီရင်ခံစာသည် ကချင်ပြည်နယ်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းများ တိုးမြင့်လာမှု အခြေအနေနှင့် ပတ်သက်ပြီး စိုးရိမ်ကြသော ဒေသခံမိတ်ဖက်အဖွဲ့များနှင့် အတူတကွ အနီးကပ်ပူးပေါင်းဆောင်ရွက် ခြင်းဖြင့်သာ ဖြစ်မြောက်နိုင်ခဲ့သည်။

ပထမအဆင့် ကွင်းဆင်းလေ့လာမှုကို ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့ မှ ဩဂုတ်လ ၂၇ ရက်နေ့ အထိ ပြုလုပ်ခဲ့သည်။ ဒုတိယအဆင့် နှင့် (သို့မဟုတ်) အတည်ပြုခြင်းအဆင့်ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စတင်ခဲ့သည်။ ဤအစီရင်ခံစာသည် အရည်သွေးဇဟိုပြုလေ့လာမှု (qualitative) တစ်ခုဖြစ်ပြီး လူတွေ့အင်တာဗျူး နှင့် အုပ်စုအလိုက် မေးမြန်းမှုများကို အသုံးပြုခဲ့ပါသည်။ အချက်အလက် စုဆောင်းခြင်းကို ဒေသခံမှ အဓိကသတင်းပေးသူများ၊ ရွာသားများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘာသာရေးခေါင်းဆောင်များ၊ မိုင်းလုပ်သားများ နှင့် တစ်ဦးချင်းနှင့် အဖွဲ့လိုက်တွေ့ဆုံ မေးမြန်းမှုများကို အသုံးပြု၍ အဓိကအားဖြင့် အင်တာဗျူးမေးမြန်းမှုများ လုပ်ဆောင် ခဲ့ပါသည်။ ကချင်ပြည်နယ်အရေးနှင့် သတ္တုတူးဖော်ခြင်းနှင့်ဆိုင်သည့် အကြောင်းအရာများကို ပြောဆိုနိုင်သော သတင်းပေးသူများ၊ အဖွဲ့အလိုက်မေးမြန်းမှုတွင် (၁၂)ဦး၊ အမျိုးသမီး (၈)ဦး၊ အမျိုးသား (၉)ဦး တို့ကို မေးမြန်းခဲ့ပါသည်။ ၎င်းတို့သည် မတူညီသည့် နယ်မြေဒေသ၊ လူမျိုးစုများ၊ မိုင်းတွင်းဒေသနှင့် ဆက်နွယ်ပုံ နှင့် မတူညီသည့် လူမှုစီးပွားနောက်ခံ ရှိသည့် အသက် ၄၅ နှင့် ၆၀ ကြား ရှိသူများကို မေးမြန်း ခဲ့ပါသည်။ MMWN သည် ကချင်ပြည်နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ နှင့် ပြည်တွင်းအခြေစိုက် ကွန်ယက်အဖွဲ့ဝင်များ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ MMWN သည် အင်တာဗျူးအဆင့် မစတင်မီ မြေပြင်တွင် သဘာဝပတ်ဝန်းကျင် နှင့် လူ့အခွင့်အရေး ကာကွယ်သူ ရပ်ရွာခေါင်းဆောင်များနှင့် ကွန်ယက်အဖွဲ့ဝင်များ နှင့် Zoom မှတဆင့် အစည်းအဝေးတစ်ခု

ဦးစွာလုပ်ခဲ့ပါသည်။ ရပ်ရွာခေါင်းဆောင်များနှင့် ပြည်တွင်းအခြေစိုက် အဖွဲ့အစည်းများသည် အင်တာဗျူးမည့်သူများကို ရွေးချယ်စည်းရုံးရာတွင် အတူပူးပေါင်းလုပ်ဆောင်ကြပြီး အင်တာဗျူးလုပ်ငန်းစဉ်တစ်ခုလုံးတွင် ကျပန်းနှင်းလုံးနမူနာ ကောက်ယူမှုနည်းလမ်း (snowballing sampling) အတွက် အင်တာဗျူးဖြေဆိုရန် ရွေးချယ်ခဲ့ပါသည်။

တွေ့ဆုံမေးမြန်းမှု တစ်ခုလုံးသည် ၄ ပတ်ကျော် ကြာမြင့်ခဲ့ပြီး MMWN ၏ သုတေသနပြုလုပ်သည့် အဖွဲ့သည် ခရီးသွားလာမှု ကန့်သတ်ချက်များ၊ သွားလာရေးအဆင်မပြေမှုများနှင့် ရင်ဆိုင်ခဲ့ရသောကြောင့် အဖွဲ့သားများ မြစ်ဆုံဒေသရှိ အချို့သော မိုင်းတွင်းနေရာများသို့ သွားရောက်နိုင်ခြင်းမရှိခဲ့ပေ။ သုတေသနအဖွဲ့သားများသည် မြစ်ဆုံဒေသများသို့ သွားရောက်လေ့လာခဲ့ပြီး ဝိုင်းမော်မြို့နယ် နောင်ခြိမ်းကျေးရွာအုပ်စုရှိ ကျေးရွာ (၄) ရွာ ဖြစ်သည့် အင်ဂန်းကျေးရွာ၊ မလိယာန်၊ ခမ်းဘူ၊ အင်ဖူးယာန် ကျေးရွာနှင့် အောင်မြင်သာ နှင့် တန်ဖဲကျေးရွာတို့ကို ဆန်းစစ်လေ့လာခဲ့ပါသည်။ သုတေသန အဖွဲ့သားများသည် မြစ်ဆုံဒေသရှိ ဒေသခံလူထုများနှင့် လူကိုယ်တိုင် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး မှတ်စုများနှင့် အသံဖမ်းယူမှုများ ပြုလုပ်ကာ အချက်အလက်များကို စုဆောင်းခဲ့ပါသည်။

MMWN အဖွဲ့သားတို့သည် မိုင်းတွင်းနေရာများသို့ သွားရောက်ကာ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများ၏ အကျိုးသက်ရောက်မှုများကို လေ့လာခဲ့ကြသည်။ တစ်စိတ်တစ်ပိုင်းမေးခွန်း ပုံစံများ (semi-structured) ကို အသုံးပြုပြီး ကချင်ဘာသာ နှင့် မြန်မာဘာသာတို့ဖြင့် မေးမြန်းခဲ့ကြသည်။ ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်အားလုံးကို ကူးယူမှတ်တမ်းတင်ခြင်း (transcription) ပြုလုပ်ပါသည်။ ကောက်ခံခဲ့သော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး မေးခဲ့သော မေးခွန်းအပေါ် အခြေခံကာ တွေ့ရှိချက်များကို စုစည်းပြီး အကြောင်းအရာများအလိုက် ခွဲခြားသတ်မှတ်ကာ အမျိုးအစားခွဲခဲ့ပါသည်။

## Contents


**ကျေးဇူးတင်လွှာ** ........ ၂

**အစီရင်ခံစာအကျဉ်းချုပ်** ........ ၃

**အစီရင်ခံစာပြုလုပ်ပုံနည်းနာများ** ........ ၆

**ဖြစ်ရပ်လေ့လာမှု - ရောဝတီမြစ်ဆုံအောက်ပိုင်း ရွှေတူးဖော်ရေးလုပ်ငန်း (ကချင်ပြည်နယ်)** ........ ၁၀

**၁.** သတ္တုမိုင်းလုပ်ငန်းနှင့် တူးဖော်သည့်နည်းစနစ်များ ........ ၁၀

**၂. လုံခြုံရေးတပ်ဖွဲ့မှ** တရားမဝင်**အခွန်ငွေကောက်ခံခြင်း** ........ ၁၂

**၃. သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံမှု အသိအမြင်မရှိခြင်း** ........ ၁၄

**၄. စွန့်ပစ်မြေစာ၊ ရေလှောင်ကန် နှင့် ပြန်လည်မွမ်းမံခြင်း** ........ ၁၄

**၅. သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှုန်း**များ တိုး**လာခြင်း** ........ ၁၅

***၅.၁ ဒေသအခင်းအကျင်း*** ........ ၁၅

***၅.၂ မြေသားအရည်အသွေး*** ........ ၁၇

***၅.၃ ညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲခြင်း*** ........ ၁၈

***၅.၄ ဆူညံသံ နှင့် အနံ့အသက်ဆိုးများ*** ........ ၁၉

**၆. လူမှုရေး ထိခိုက်မှုနှုန်း**များတိုး**လာခြင်း** ........ ၁၉

***၆.၁ ကျန်းမာရေး*** ........ ၁၉

***၆.၂ မတော်တဆဖြစ်ပွားမှုများ*** ........ ၂၀

***၆.၃ အတင်းအဓမ္မပြောင်းရွှေ့ခြင်း (သို့မဟုတ်) အဓမ္မစေ***ခိုင်း***ခြင်း*** ........ ၂၁

***၆.၄ ကလေးလုပ်သား*** ........ ၂၁

***၆.၅ အသက်မွေးဝမ်းကျောင်း*** ........ ၂၂

***၆.၆ ငွေကြေးဖောင်းပွမှု*** ........ ၂၃

***၆.၇*** *တရားဝင်****စီးပွားရေး****မဟုတ်သည့်****အလုပ်အကိုင်များ*** ........ ၂၃

**၇.** ပြောင်းလဲ**မှုရှိသောအုပ်ချုပ်ရေးစနစ်** ........ ၂၄

**၈. ပြဿနာဖြေလျှော့မှု နှင့် တုန့်ပြန်မှု အကန့်အသတ်ရှိခြင်း** ....................................................၂၇

**ရောဝတီမြစ်ဆုံတွင် လက်ရှိဖြစ်ပေါ်နေသော ရွှေတူးဖော်မှုဆိုင်ရာ**
**နောက်ဆုံးရရှိသောသတင်းအချက်အလက်** .........................................................................၂၈

**ဇွန်လ ၂၀၂၂ ခုနှစ်** ...............................................................................................................၂၈

**သစ်တောပြုန်းတီးမှုနှင့် အသက်မွေးဝမ်းကျောင်းအတွက် ဒေသခံ**တို့**၏ စိုးရိမ်ပူပန်မှုများ** ...... ၃၁

အမျိုးသမီးများအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများနှင့်
စိန်ခေါ်မှုများ ........................................................................................................... ၃၃

**နိဂုံး** ............................................................................................................................. ၃၇

**အကြံပြုတိုက်တွန်းချက်များ** ........................................................................................... ၃၈

**ကိုးကားချက်များ** ............................................................................................................ ၄၀

# ဖြစ်ရပ်လေ့လာမှု - ဧရာဝတီမြစ်ဆုံအောက်ပိုင်း ရွှေတူးဖော်ရေးလုပ်ငန်း (ကချင်ပြည်နယ်)

### ၁. သတ္တုမိုင်းလုပ်ငန်းနှင့် တူးဖော်သည့်နည်းစနစ်များ

ဤလေ့လာမှုသည် ဧရာဝတီမြစ်ဆုံအောက်ပိုင်းဒေသတွင် တည်ရှိသည်။ ရွှေတူးဖော်ရေးလုပ်ငန်းသည် ဧရာဝတီမြစ်ဆုံနှင့် မြစ်လက်တက်များ၏ မြစ်အောက်ပိုင်းတွင် တူးဖော်ကြသည်။ ဤလေ့လာမှုသည် ရွှေတူးဖော်ရေးလုပ်သည့်မြစ်ဆုံအနီးတစ်ဝိုက်ရှိ ကျေးရွာ (၆) ရွာတွင် လေ့လာမှုပြုလုပ်ခဲ့ပါသည်။ ခမ်းဘူကျေးရွာ တစ်ခုတည်းတွင် အသေးစားရွှေတူးဖော်ရေးလုပ်ငန်းပေါင်း ၂၀၀ ကျော်ရှိပြီး လုပ်ကိုင် နေသည့် ကုမ္ပဏီ/လုပ်ငန်းရှင် ၇၀ နှင့် ၈၀ ခန့်ရှိသည်။


လွန်ခဲ့သော စစ်အာဏာရှင်လက်ထက်တွင် ဧရာဝတီမြစ်ဆုံ၌ အကြီးစား ရေအားလျှပ်စစ် စီမံကိန်းတစ်ခု တည်ဆောက်ရန် စီစဉ်ခဲ့သည်။ ၎င်းစီမံကိန်းကို မြစ်ဆုံဆည်စီမံကိန်းဟု ခေါ်ဆိုခဲ့သည်။ ဤစီမံကိန်း အတွက် ဒေသခံတို့ကို အတင်းအဓမ္မပြောင်းရွှေ့ခိုင်းစေသည်။ ဒေသခံများ ရွှေ့ပြောင်းပြီးနောက် မြေနေရာများ လစ်လပ်လာကာ ရွှေသတ္တုတွင်းလုပ်သားများ လုပ်ငန်းစတင်လည်ပတ်ကြသည်။ သို့သော်လည်း သိန်းစိန်အစိုးရလက်ထက် ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် အဆိုပါစီမံကိန်းကို ရပ်ဆိုင်း ခဲ့ပါသည်။ ထိုအချိန်မှစပြီး ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းချိန်အထိ ရွှေတူးဖော်မှုလုပ်ငန်းများ နည်းပါးလာခဲ့ပြီး အာဏာသိမ်းပြီးချိန်မှ စ၍ ရွှေအလုအယက်တူးဖော်မှုအိမ်မက်ဆိုးများက ရွာသားများ နှင့် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်ထံ ပြန်လည်ရောက်ရှိလာပါတော့သည်။



မြစ်ဆုံအောက်ပိုင်းရှိ လှေများတွေ့ရပြီး ရေငုပ်သမားတို့၏ နေ့စဉ်ဘဝကို ရေအောက်တွင် ရွှေရှာကြသည်။

ပလေဇာတူးဖော်ရေးစနစ် (placer mining) ကိုအသုံးပြုပြီး ရွှေထုတ်ယူမှု အရှိန်အဟုန် တိုးလာပါသည်။ မြစ်ကမ်းတစ်လျှောက်နှင့် မြစ်လက်တက်များတစ်လျှောက် ရွှေကျင်ခြင်း၊ စုပ်ယူသောင်တူးခြင်းနှင့် ဟိုက်ဒရောလစ်သတ္တုတူးဖော်ခြင်းစနစ်တို့ ပါဝင်သည်။ ရွှေတူးဖော်ခြင်းသည် မြစ်ကမ်းအနီးနှင့် မြစ်လက်တက်အနီးရှိနေရာများ (တန်ဖဲကျေးရွာ၊ အောင်မြင်သာကျေးရွာ နှင့် နောင်ခြိမ်းကျေးရွာ အုပ်စု) တို့ကို ထိခိုက်စေသည်သာမက မြစ်နှင့် မြစ်လက်တက်တို့၏ သဘာဝအတိုင်း မြစ်စီးဆင်းမှုကိုပါ ပြောင်းလဲလိုက်စေပါသည်။ ဤမိုင်းတွင်းလုပ်ငန်းများသည် ထိန်းကွပ်မှုမရှိဘဲ ရွှေထုတ်ယူသူများနှင့် ပြည့်နှက်နေပြီး၊ အကြီးစား သတ္တုတူးဖော်ရေးလုပ်ငန်းအချို့လည်း တွေ့ရှိရသည်။

"ကချင်ဒေသခံစီးပွားရေးလုပ်ငန်းရှင် ယွပ်ဇော်ခေါင် (Yup Zau Hkawng) ဟာ အောင်မြင်သာ နဲ့ ကျိန်ခရန် ကျေးရွာအနီး သူ့ရဲ့ ရာဘာခြံအနီးမှာ မြစ်ကမ်းနံဘေးတစ်လျှောက် ရာနဲ့ချီတဲ့ အလုပ်သမားတွေရှိပြီး ပါမစ်ရရှိထားတဲ့ အကြီးစား သတ္တုတူးဖော်ရေးလုပ်ငန်းကို လုပ်ကိုင်နေပါတယ်။ Jade Land ကုမ္ပဏီဟာ သူပိုင်ထားတဲ့ကုမ္ပဏီ ဖြစ်တယ်။ ဒါအပြင် လက်ရှိ စစ်ကောင်စီခန့်ထားတဲ့ ကချင်ပြည်နယ် ဝန်ကြီးချုပ်ဆိုရင် သူ့ရဲ့ မိသားစုနဲ့ ရင်းနှီးတဲ့ မိသားစုဆက်ဆံရေးတွေ ရှိကြတယ်။ စစ်ကောင်စီက တန်ဖဲရွာမှာ သတ္တုတူးဖော်ရေးလုပ်ငန်းတွေကို ခွင့်ပြုထားပြီး ယခုတော့ စစ်တပ်စစ်ဆေးရေးဂိတ်က သတ္တုတွင်းယာဉ်တွေအတွက် ဖွင့်ထားပါတယ်။ ခြုံပြောရရင် ကိုဗစ်၁၉ အမြင့်ဆုံးဖြစ်နေတဲ့အချိန် အတောအတွင်းမှာတောင် ရွှေတူးဖော်ရေးလုပ်ငန်းတွေ အရှိန်အဟုန်မြင့် တူးဖော်နေကြပြီး ပိုပြီးတိုးချဲ့လုပ်ဆောင်နေပါတယ်" ဟု အောင်မြင်သာ ရွာသားတစ်ဦးက ပြောပြပါသည်။



မလိယာန်ရွာအနီး ဧရာဝတီမြစ်ဆုံ၏ မြစ်ကမ်းပါးရှိ
အသေးစားရွှေတူးလုပ်ငန်းများကို တွေ့ရပုံ။

## ၂. လုံခြုံရေးတပ်ဖွဲ့မှ တရားမဝင်အခွန်ငွေကောက်ခံခြင်း

ဤဒေသတွင် စစ်အုပ်စုတို့၏ အခွန်ငွေကောင်ခံသည့် ဆောင်ရွက်ပုံကို မသိရှိနိုင်ပါ။ သို့သော်လည်း ဒေသတွင်း လုံခြုံရေးတပ်ဖွဲ့များသည် မိုင်းတွင်းလုပ်သားများထံ တိုက်ရိုက် အခွန်ငွေ တောင်းခံနေကြသည်ကို တွေ့ရှိရသည်။ တန်ဖဲရွာနှင့် အောင်မြင်သာရွာကြားရှိ စစ်ဆေးရေး ဂိတ်ကို စစ်တပ်၊ ရဲတပ်ဖွဲ့ နှင့် လဝါယန် ပြည်သူ့စစ်တပ်ဖွဲ့တို့ကြား ဖြတ်သွားသည့် နေရာများ ဖြစ်ကြသည်။ တန်ဖဲရှိ မိုင်းတွင်းလုပ်သားတို့သည် ထိန်းချုပ်နေရာတွင်ရှိနေလျှင် အခွန်ငွေ ပေးဆောင်ရမည်။ အောင်မြင်သာ နှင့် ကျိန်ခရန်အတွင်းရှိ မိုင်းလုပ်သားများသည် အဆိုပါ ရွာနှစ်ခုကြားတွင် တပ်စွဲထားသော ရဲတပ်ဖွဲ့ကို အခွန်ပေးဆောင်ရမည်။ နောင်ခြိမ်းကျေးရွာ အုပ်စု (ဝိုင်းမော်မြို့နယ်) မှ မိုင်းလုပ်သားများသည် လဆန်းအောင်ဝါး၏ လဝါယန်ပြည်သူ့စစ်ကို ပေးဆောင်ရ မည်ဖြစ်သည်။

"တန်ဖဲကျေးရွာ နဲ့ အောင်မြင်သာကျေးရွာမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကြား ပဋိပက္ခတွေ ရှိနေတယ်။ အဲပဋိပက္ခ ဖြစ်ပွားရတဲ့အကြောင်းအရင်းကတော့ လုံခြုံရေးတပ်ဖွဲ့တွေ မိုင်းလုပ်သားဆီက ဝင်ငွေရနိုင်ဖို့ နယ်မြေ စိုးမိုးမှု ရယူလိုခြင်းဖြစ်ပါတယ်။ မကြာခဏ အဲပဋိပက္ခတွေမရပ်မချင်း မိုင်းလုပ်သားတွေကို ရွှေတူးဖော်လုပ်ငန်းတွေ ရပ်တန့်ခိုင်းစေတယ်။ နောက်ပိုင်းတော့ အဲလုံခြုံရေးတပ်ဖွဲ့တွေက မိုင်းလုပ်သားတွေဆီ သီးခြားအခွန်ကောက်ခံနိုင်ဖို့ တန်ဖဲနဲ့ အောင်မြင်သာမှာ နယ်မြေခွဲဝေဖို့ သူတို့ သဘောတူခဲ့ကြတယ်။ အခွန်ကောက်ခံမှုနှုန်းဟာ မိုင်းတူးဖော်မှုအတိုင်းအတာအပေါ် မူတည်နေပါတယ်။ တစ်နေ့ကို အသေးစားလုပ်ငန်းဆီက ၅၀,၀၀၀ ကျပ်ခန့် ရနိုင်ပြီး အကြီးစားလုပ်ငန်းကို ၂၀၀,၀၀၀ကျပ် ခန့် ရနိုင် ကြောင်း သိရတယ်" ဟု တန်ဖဲ မှ လယ်သမားတစ်ဦးက ပြောပြပါသည်။

"ပြေစာနှင့် ပါမစ်တွေ မရှိဘူး။ ရိုက်တာသတင်းဌာနရဲ့ဖော်ပြချက်အရ (စက်တင်ဘာ ၂၉၊ ၂၀၂၁) အာဏာမသိမ်းခင်မှာ ငွေလဲနှုန်းက အမေရိကန်တစ်ဒေါ်လာကို မြန်မာကျပ် ၁၃၀၀ သာဖြစ်တယ်။ အာဏာသိမ်းပြီးနောက်ပိုင်းမှာတော့ ၂၀၀၀ကျပ် ဖြစ်သွားတယ်။ တစ်ပတ်အတွင်း ငွေကြေး တန်ဖိုးက ၆၀ရာခိုင်နှုန်းအထိ ကျဆင်းသွားတယ်လို့ အဲသတင်းက ဆက်ဖော်ပြထားပါတယ်။" ဟု အောင်မြင်သာ ရွာမှ အမျိုးသမီးတစ်ဦးက ဆိုပါသည်။

ထို့အပြင် ၂၀၂၀ခုနှစ် ကိုဗစ်၁၉ ကူးစက်ရောဂါကြောင့် အားနည်းနေပြီးဖြစ်သော စီးပွားရေးသည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပွားနေသော နိုင်ငံရေးမတည်ငြိမ်မှု နှင့် ကိုဗစ်၁၉ ဖြစ်ပွားမှု တတိယလှိုင်းသည် မြန်မာ့စီးပွားရေးကို ပြင်းထန်စွာ ရိုက်ခက်ခဲ့ပါသည်။ မြန်မာ့စီးပွားရေးသည် ၂၀၂၁ ဘဏ္ဍာနှစ် (၂၀၂၀ အောက်တိုဘာလ - ၂၀၂၁ စက်တင်ဘာလ) တွင် ၁၈ရာခိုင်နှုန်းဝန်းကျင် တက်လာမည်ဟု ခန့်မှန်းထားပြီး လူနေမှုဘဝ၊ အသက်မွေးဝမ်းကျောင်း၊ ဆင်းရဲမွဲတေမှု နှင့်

အနာဂတ်တိုးတက်မှုအတွက် ထိခိုက်စေ သည်ဟု ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာချက်အရ သိရသည်။ မိုင်းလုပ်သား အများစုသည် မြန်မာပြည်အောက်ပိုင်း နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမှ ရွှေ့ပြောင်းလာသူများ ဖြစ်ကြ ပြီး ကချင်ပြည်နယ်တွင် ရွှေတူးဖော်ခြင်းဖြင့် လွယ်ကူစွာ ဝင်ငွေရှာနိုင်ကြသည်။ ၎င်းရွှေတူးဖော်ရေး လုပ်ငန်းများသည် တရားမဝင်လုပ်ငန်းများ ဖြစ်နေသောကြောင့် ပြည်နယ်အစိုးရမှ လာရောက် စစ်ဆေးမှုလုပ်သည့်အခါတွင် ရဲတပ်ဖွဲ့ဝင်များက တခါတရံ ရွှေတူးဖော်လုပ်သားများအား တူးဖော်ခြင်း ကို ရပ်တန့်ရန် တောင်းဆိုမှုလည်း ရှိသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လ ကမ္ဘာ့ဘဏ်၏အစီရင်ခံစာ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာချက်မှ အခြေခံ၍ မြန်မာ့စီးပွား ရေးသည် ယခင်နှစ်တွင် စီးပွားရေးကျဆင်းမှုမှ ပြန်လည်နာလန်ထူ လာစေရန် အတားအဆီးဖြစ်စေသည့် ပြင်တွင်းပြင်ပ အနှောင့်အယှက်များစွာနှင့် ရင်ဆိုင်ခဲ့ရသည်ဟု ဆိုသည်။ စီးပွားရေးလုပ်ငန်းများ ထိုးကျနေချိန်ဖြစ်၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကုန်ဆုံးတော့မည့် ဘဏ္ဍာရေးနှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ်တွင် ၁၈ ရာခိုင်နှုန်း ထပ်မံကျုံ့သွားသည်။ ၂၀၂၂ ခုနှစ်တွင် ဂျီဒီပီဖြင့် ခန့်မှန်းထားသော တိုးတက်မှုနှုန်းသည် ပြန်လည်တိုးတက်လာမည်မဟုတ်ဘဲ ၂၀၁၉ ခုနှစ်ထက် ၁၃ ရာခိုင်နှုန်း ထပ်ပြီးနိမ့်ကျလာလိမ့်မည်ဟု ခန့်မှန်းထားသည်။ ဆိုလိုသည်မှာ အသက်မွေးဝမ်းကျောင်းမှုနှင့် ရင်ဆိုင်ဖြေရှင်းရေး ယန္တရားများသည် ပြင်းထန်စွာ ဆက်လက်တင်းမာ နေဦးမည်ဖြစ်သည်။ ဆင်းရဲမွဲတေမှုအခြေနေသည် ၂၀၂၀ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက နှစ်ဆ တိုးလာ သည်ဟု ခန့်မှန်းရပြီး ၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ ဆင်းရဲမွဲတေမှု မျဉ်းအောက် နေထိုင်သူ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ဆောင်ချက်၏ ဆယ်စုနှစ် တစ်ခုနီးပါး တိုးတက်မှုကို ပြန်ရုပ်သိမ်းလိုက်ပါတော့သည်။

ယခုကဲ့သို့ တိုးတက်မှုအကန့်အသတ်ဖြင့်သာ ရှိတော့သည့် မြန်မာနိုင်ငံ၏ အခြေအနေတွင် အိမ်ထောင်စု ဝင်ငွေ ကျဆင်းလာကာ စားနပ်ရိက္ခာမလုံခြုံမှုနှင့် ဆင်းရဲမွဲတေမှုအတွက် ခုသာခံသာဖြစ်စေမည့်နည်းလမ်းများ တိုးမြင့်လာ သဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ ခံနိုင်ရည်အားကို ဆက်လက် စိန်ခေါ်နေမည်ဖြစ်သည်။

## ၃. သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံမှု အသိအမြင်မရှိခြင်း

"မိုင်းလုပ်သားများဟာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) တို့၊ ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအစဉ် (EMP) တို့ရဲ့ လိုက်နာရမယ့် ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားတွေကို သိရှိထားပုံမရဘူး။

ဒေသခံစီးပွားရေးလုပ်ငန်းရှင် ယွပ်ဇော်ခေါင် (Yup Zau Hkawng) ဟာ သူလုပ်ကိုင်နေတဲ့လုပ်ငန်းတွေ တရားဝင် ဖြစ်တဲ့အတွက် အဲဥပဒေနဲ့ဆိုင်တဲ့ အသိအမြင် ရှိပေမယ့်လည်း ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရား တွေကို ဂရုစိုက်မယ့်ပုံ မပေါ်ဘူး။ အရင်က ရော်ဘာခြံအတွက် သိမ်းယူထားတဲ့ သူရဲ့ မြေကို ရွှေတူးဖော်ရေးလုပ်ငန်းမြေအဖြစ် ပြောင်းလဲခဲ့တယ်။ ရွှေတူးဖော်လုပ်ငန်းနေရာမှာ စခန်းချထားတဲ့ တရားမဝင် ရွှေတူးဖော်ရေး လုပ်ငန်းတွေကို ကြီးကြပ်နေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရားတွေကို ဂရုမစိုက်ဘဲ ရွှေတူးဖော်လုပ်သားတွေအပေါ် အခွန်ငွေကောက်ခံခြင်းကနေ ရရှိမယ့် ဝင်ငွေကိုသာ အဓိကထား အာရုံစိုက်နေပါတယ်။" ဟု အောင်မြင်သာ ရွာသားတစ်ဦးက ပြောပြသည်။

## ၄. စွန့်ပစ်မြေစာ၊ ရေလှောင်ကန် နှင့် ပြန်လည်မွမ်းမံခြင်း

ရွှေတူးဖော်ရေးလုပ်ငန်းကို မြစ်၊ချောင်းနံဘေး နှင့် လယ်ယာမြေများတွင် လုပ်ကိုင်ကြသည်။ ရွှေတွင်းနေရာအနီးတဝိုက်တွင် စွန့်ပစ်မြေများ မကြာခဏ ကျန်ထားခဲ့ကြပြီး စွန့်ပစ်မြေများကို ကောင်းစွာ စီမံခြင်းလည်း မရှိပါ။ တခါတရံတွင် ဤစွန့်ပစ်မြေများကို ရွှေထုတ်ယူရန် အကြိမ်ဖန်များစွာ ပြန်လည် အသုံးပြုကြသည်။ ၎င်းစွန့်ပစ်မြေများသည် ရွှံ့မြေများအဖြစ် ဖြစ်သွားကြသည်။ ထို့အပြင် ရွှေတူးဖော်မှုနေရာများသည် မိုးရာသီတွင် မြစ်ချောင်းများအနီးတွင် သဲများ (သို့မဟုတ်) ကျောက်များ ဖြင့် ပြည့်နှက်နေသည့် ကန်အဖြစ် ကျန်ရစ်ခဲ့လေသည်။ စွန့်ပစ်မြေများသည် ၎င်းကန်များ (သို့မဟုတ်) ဧရာဝတီမြစ်ထဲသို့ စီးဝင်သွားပြီး မြစ်နှင့် ချောင်းများ ပျက်စီးလာမည့် အန္တရာယ်များနှင့် ရင်ဆိုင်ရနိုင် ပါသည်။

ရွှေတူးဖော်မှုများကြောင့် အထူးသဖြင့် မြစ်ဆုံဒေသတွင် သိုလှောင်ကန်အများအပြားအဖြစ် ကျန်ရစ်ခဲ့ သည်။ မြစ်နှင့် နီးသည့် ကန်များသည် မိုးရာသီတွင် စွန့်ပစ်မြေများဖြင့် ပြည့်နေလေသည်။ အလားတူ ခမ်းဘူရွာအနီးတွင် မြစ်ဆုံအောက်ပိုင်း ရွှေတူးဖော်မှုများကြောင့် အင်လန်းဇွပ် နှင့် အင်ဆူးခ မြစ်လက်တက်များ နှင့် သိုလှောင်ကန်များ ပျက်စီးသွားခဲ့ရသည်။ ရွှေတူးဖော်မှုလုပ်ငန်းသည် သိုလှောင် ကန်အများအပြား ကျန်ရစ်ခဲ့လေသည် (သို့မဟုတ်) စွန့်ပစ်မြေများကို ချောင်းထဲ နှင့် ဧရာဝတီမြစ်ထဲသို့ စီးဝင်ခွင့်ပြုသလိုဖြစ်နေပါသည်။ ၎င်းနှင့်ပတ်သက်ပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများလည်း လုံးဝ မရှိပါ။ ဧရာဝတီမြစ်ဆုံ အောက်ဘက်ပိုင်းရှိ မြစ်သည် နုန်းမြေများဖြင့် ပြည့်နှက်နေကာ မြစ်၏အနက် သိမ်ကောလာပြီး မြစ်ကြောင်းအသုံးပြုရသည့် သယ်ယူပို့ဆောင်ရေးကိုလည်း အန္တရာယ်ဖြစ်စေပါသည်။



ရောဝတီမြစ်ဆုံအောက်ပိုင်းတစ်လျှောက် သောင်တူးခြင်း၊ အင်ဂျင် နှင့် စုပ်ပိုက်များကို မြစ်ကမ်းပါးအနီးတွင် ကျောက်ချရပ်နားထားပုံ - ကုန်းပေါ်သို့ အနည်များကို ပြန်လည်အသုံးပြုရန် စုပ်ယူခြင်း (ရေလောင်းခြင်း စသည့် ရွှေတူးဖော်နေသည့်ပုံ)

## ၅. သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှုန်းများ တိုးလာခြင်း

### *၅.၁ ဒေသအခင်းအကျင်း*

ရွှေတူးဖော်မှုကြောင့် မြစ်နှင့် ချောင်းအနီးရှိ သစ်တောများ ပျက်စီးသွားခဲ့ပြီး မြစ်နှင့် မြစ်လက်တက်များ၏ သဘာဝအတိုင်း စီးဆင်းနေမှုကိုလည်း ဤရွှေတူးဖော်မှုကြောင့် နှောင့်ယှက်ပျက်စီးလိုက်ပါသည်။ မြစ်ကမ်းပါးများသည် တဖြည်းဖြည်း တိုက်စားခံရပြီး နုန်းမြေများဖြင့် ပြည့်နှက်နေသည်။ လယ်ယာမြေများသည် စိုက်ပျိုးနိုင်ခြင်း မရှိတော့ပါ။ လူနေရပ်ကွက်များတွင် အန္တရာယ်ရှိနေပြီး နေရာပြောင်းရွှေ့ရန် လိုအပ်ဖွယ်ရှိနေသည်။

တန်ဖဲရွာသားတစ်ဦးက ၎င်းတို့ကို ကူမည့်သူမရှိဟု ပြောပါသည်။ “ကျွန်မတို့ ရပ်ရွာ မြေအများစုက ထိခိုက်ပျက်စီးခံရတယ်။ ကျွန်မအစ်ကိုရဲ့ လိမ္မော်ခြံက ရွှေတူးတဲ့ အနားမှာ ဖြစ်နေပြီး ရွှေတူးသမားတွေက နေရာတိုင်းမှာ အမြန်နှုန်းနှင့် တူးဖော်နေကြတယ်။ ဘယ်သူမှ ထိန်းချုပ်လို့ မရနိုင် တော့ဘူး။ ဒီဒုက္ခတွေကို ဘယ်မှာ အကူအညီတောင်းရမှန်း မသိတော့ပါဘူး။ ကျွန်မတို့ အကူညီမဲ့သလို ခံစားရပါတယ်။”

မိုင်းတွင်းမဟုတ်သော အနီးနားရှိ နေရာများတွင်လည်း ဖျက်ဆီးမှုများ ဖြစ်ပွားနေပြီးဟု အခြား ရွာသားတစ်ဦးက ပြောပါသည်။ “ရွှေတူးဖော်မှု မြေကေ ၅၀ခန့် ပျက်စီးခဲ့ပြီး အာဏာသိမ်းပြီးပြီးခြင်း နောက်ထပ်ဧကေ ၂၀ ဆုံးရှုံးသွားခဲ့တယ်။ ဒီလိုအဖြစ်အပျက်တွေ မြင့်တက်လာနိုင် ဖွယ်ရှိပါတယ်။”



မြစ်ဆုံတွင် ရွှေတူးဖော်ရေးလုပ်ငန်း အရှိန်အဟုန်မြင့်နေသည့်အခြေအနေကို ဒရုန်းဖြင့်ရိုက်ထားသောပုံ

## ၅.၂ မြေသားအရည်အသွေး

ဤမြေနေရာသည် ယခင်က လိမ္မော်ခြံ၊ လက်ဖက်၊ ကော်ဖီ၊ ငှက်ပျော် နှင့် လိုင်ချီး စသည့် စိုက်ပျိုးခြံများ ဖြစ်ခဲ့ပြီး မြေဆီမြေသားကောင်းမွန်သည့် နေရာဖြစ်ခဲ့သည်။ သို့သော် ဤအခြေအနေကို လုံးဝပြောင်းလဲသွားခဲ့သည်။ မြစ်လက်တက်နှင့် မြစ်ကမ်းတစ်လျှောက် သဘာဝမြေဆီလွှာကို ထိန်းသိမ်းပေးထားသော သစ်ပင်များ ဖျက်ဆီးခံနေရပါသည်။ ယင်းကြောင့် ဒေသခံတို့၏ စားဝတ်နေရေးအတွက် မှီခိုနေရသည့် လယ်ယာလုပ်ကိုင်ခြင်းမှ ထွက်ရှိသည့် စိုက်ပျိုးအသီးအနှံများ စိုက်ပျိုးနိုင်ခြင်းမရှိတော့ပေ။ အခြားနေရာများတွင် ရွှေမှုန်များကျင်ပြီး စွန့်ပစ်သဲနှင့် ကျောက်များသာ ကျန်ခဲ့သည်။ ထို့အတွက်ကြောင့် လယ်မြေများ စိုက်ပျိုး၍ မရနိုင်တော့သည့် အခြေအနေသို့ ရောက်ရှိ ပါတော့သည်။

*တောရိုင်း သစ်ပင်ပန်းမန်များနှင့် တိရိစ္ဆာန်များ*

စွန့်ပစ်မြေများကို ထပ်ခါထပ်ခါပြန်လည်အသုံးပြုခြင်းကြောင့် မြစ်ချောင်းများနှင့် မြစ်များသည် အမဲရောင်သမ်းလာပြီး ရွှံ့များသဖွယ် ဖြစ်လာသည်။ ယင်းကြောင့် မြစ်ချောင်းများနှင့် မြစ်များ၏ ဂေဟစနစ်အပေါ် မှီခိုနေသည့် သစ်ပင်ပန်းမန်များနှင့် တိရိစ္ဆာန်များ ကွယ်ပျောက်သွားကြသည်။ ဒေသခံများအတွက် မျိုးစုံသော ငါးများ ရှိခဲ့သော်လည်း ဓာတုပစ္စည်းအဆိပ်များကြောင့် (သို့မဟုတ်) ပြောင်းရွှေ့သွားခြင်းကြောင့် ငါးများလည်း ပျောက်ကွယ်သွားကြသည်။ ထို့အပြင် ရပ်ရွာဒေသက အသုံးပြုနေကြသည့် ဆေးဖက်ဝင်အပင်များကိုလည်း မတွေ့ရှိရတော့ပေ။



မြစ်ဆုံကမ်းနံဘေးတွင် ရွှေတူးဖော်ပြီးနောက် ပျက်စီးသွားခဲ့သည့် မြေများနှင့် စွန့်ပစ်မြေစာများကို မြစ်အနီးတွင်စွန့်ပစ်ထားပုံ

## ၅.၃ ညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲခြင်း

ရွှေတူးဖော်ခြင်းသည် ဧရာဝတီမြစ်ဆုံအောက်ပိုင်းတွင် ချဲ့ထွင်ခြင်းကြောင့် မြစ်များနှင့် မြစ်လက်တက်များကို အနည်ထိုင်စေပြီး တောတောင်သဘာဝအလှများ လျော့နည်းလာပါသည်။ အင်ဂန်းကျေးရွာ၊ နောင်ခြိမ်း ကျေးရွာနှင့် အခြားသောရွာများသည် သောက်သုံးရေနှင့် အိမ်သုံးအတွက် မြစ်ရေကို မှီခို နေရသည်။ ရွှေတူးဖော်မှုကြောင့် မြစ်ရေသည် ညစ်ညမ်းပြီး အဆိုပါ ကျေးရွာများသည် သောက်သုံးရေ ရှားပါးမှုနှင့် ရင်ဆိုင်နေရပြီးဖြစ်သည်။ ဤကျေးရွာများတွင် ရေတွင်းအနည်းငယ်သာရှိသောကြောင့် ရွာသားအများစုသည် သောက်သုံးရေနှင့် အိမ်သုံးရေအတွက် မြစ်ကို မှီခိုနေရဆဲဖြစ်ပြီး ကျန်းမာရေး အတွက် ပိုဆိုးစေပါသည်။ မြစ်က ရေသည် ရွှေမိုင်းတွင်းမှ စွန့်ပစ်မြေစာများကြောင့် အနံ့ဆိုးများ ထွက်ရှိနေပြီး ဖြစ်သည်။

ခမ်းဘူရွာမှ ဒေသခံတစ်ဦးက ပြောပြသည်မှာ "ခမ်းဘူ ရွာမှ အင်ဆွမ်းခစမ်းရေကို နှစ်ချီပြီး မှီခိုအသုံးပြုခဲ့ကြသည်။ ဒါပေမယ့် အခုတော့ ရွှေတူးဖော်မှုကြောင့် ကျွန်တော်တို့ရဲ့ စမ်းချောင်းဟာ ညစ်ညမ်းသွားပြီးဖြစ်တယ်။ ဒီသတ္တုတွင်းဟာ ဘက်ဟိုး၊ စက်ယန္တရားကြီးတွေနဲ့ နေ့ရောညပါ လည်ပတ်လုပ်ကိုင်နေတယ်။"

တောင်တန်းကြီးများ၊ မြေပြင် နှင့် သစ်တောများ ပျက်စီးလျက်ရှိသည်။ ဂေဟစနစ် ယိုယွင်းလာသည်နှင့်အမျှ ပို၍ပူပြင်းခြောက်သွေ့လာပြီး ဒေသတွင်း ရာသီဥတုပြောင်းလဲမှု ဖြစ်လာသည်။ ကုန်တင်ကာကြီးများကြောင့် လယ်ကွင်းများ၊ အိမ်များကို ဖုန်မှုန့်ဖုံးကာ လေထုအရည်သွေး ကျဆင်းလာပါသည်။

"မိုင်းက ဖုန်မှုန့်တွေက တအိမ်လုံးကို ဖုံးစေတယ်။ အစာတွေမှာ၊ အပင်တွေ နှင့် အဝတ်တွေမှာ အမြဲဖုန်တွေ ပေနေတယ်။ ဖုန်ရှင်းရတာ တနေ့ကို အကြိမ်ပေါင်းများစွာ ရှင်းရတယ်။ ကျန်းမာရေး လဲထိခိုက်မှာ စိုးရိမ်မိတယ်။" အင်ဂန်း ကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောပြသည်။



ရွှေတူးဖော်မှုတိုးမြှင့်လာခြင်းကြောင့် ဧရာဝတီမြစ်ဆုံအောက်ပိုင်းတွင်
သစ်တောပြုန်းတီးမှုနှင့် ရေလမ်းကြောင်းညစ်ညမ်းမှု တိုးမြှင့်လာပုံ

### ၅.၄ ဆူညံသံ နှင့် အနံ့အသက်ဆိုးများ

သတ္တုမိုင်းတွင်းလုပ်ငန်းများ မျက်စိရှေ့ရောက်မလာခင် လေထုထဲတွင် သတ္တုတွင်းမှ လောင်စာဆီနှင့် ဓာတုပစ္စည်းများ၏ လောင်ကျွမ်းမှုမှ ထွက်ရှိသော မီးခိုးနံ့များနှင့် ပြည့်နှက်နေပါသည်။ စက်သံများကို နေရာတိုင်းတွင် ကျယ်လောင်စွာကြားနေရပြီး အိမ်ထဲတွင် စကားပြောလျှင် တစ်ယောက်နှင့် တစ်ယောက် အော်ပြီး ပြောနေရသည်။ ကလေးများလည်း ၎င်းတို့၏ စာလေ့လာမှုတွင် အာရုံမစိုက်နိုင် ကြတော့ပေ။ ရပ်ရွာတွင် ပြုလုပ်လေ့ရှိသည့်ပွဲများ ဥပမာ - အသင်းတော်ပွဲများ၊ အခမ်းအနားများကျင်းပခြင်းကို အနှောင့်အယှက်ဖြစ်စေပါသည်။ ထို့အပြင် မိုင်းတွင်းနေရာများတွင် စနစ်တကျ ရေးလောင်းအိမ်သာများလည်း မရှိပါ။ လူစွန့်ပစ္စည်း၊ အိမ်သုံးအမှိုက်နှင့် ထိုအမှိုက်များမှ အနံ့အသက်ဆိုးများ ထွက်ရှိကာ မိုးရွာပြီးလျှင် ထိုအနံ့အသက်များ ပိုဆိုးစေပြီး ရာသီဥတု ခြောက်သည့်အခါတွင် ၎င်းအနံ့အသက်က ပိုပြီး ပြင်းသည်။

## ၆. လူမှုရေး ထိခိုက်မှုနှုန်းများတိုးလာခြင်း

### ၆.၁ ကျန်းမာရေး

ဒေသခံများ၏ ကျန်းမာရေးအခြေအနေသည် ပိုဆိုးလာပါသည်။ မြစ်လက်တက်များကို ဆည်မြောင်းများ၊ လယ်မြေ၊ သောက်သုံးရေ နှင့် အိမ်သုံးများအတွက် ပိုက် သွယ်တန်းခြင်းဖြင့် အသုံးပြုခဲ့သည်။ သို့သော် လက်ရှိတွင် ပြန်လည်အသုံးရန် မဖြစ်နိုင်တော့ပါ။ ရွာသားအများစုသည် မြစ်နှင့် မြစ်လက်တက်များမှ ညစ်ညမ်းသောရေကို အသုံးပြုခြင်းမှ ရရှိသော ကျန်းမာရေးပြဿနာမျိုးစုံနှင့် ကြုံတွေ့ခဲ့ကြသည်။ အင်ဂန်းရွာ နှင့် နောင်ခြိမ်းရွာမှ ရွာသားများအတွက် တစ်ခုတည်းသော အဝီစိရေတွင်းမှ ရေခပ်ယူရန် အချိန်ယူရသည့် အတွက်ကြောင့် အလုပ်နောက်ကျစေသည်။ ရေတွင်းမှ ရေမစောင့်နိုင်သူများ အတွက် ကျန်းမာရေး အန္တရယ်ရှိနိုင်သည့် ၎င်းညစ်ညမ်းသောရေကိုသာ ဆက်လက် သုံးစွဲရန်မှတပါး တခြားရွေးချယ်စရာ မရှိပေ။ မြစ်ကမ်းပါးအနီးတွင် ရွှေတူးဖော်မှု များပြားလာခြင်း ကြောင့် သန့်ရှင်းသည့် သောက်သုံးရေ မရရှိသောကြောင့် မိုင်းတွင်းလုပ်သားများ အထူးသဖြင့် ကလေးများ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ အင်ဂန်းရွာနှင့် နောင်ခြိမ်းရွာတို့မှ ရွာသာများသည် ချက်ပြုတ်ခြင်း၊ အိမ်သုံး သန့်ရှင်းရေး နှင့် သောက်သုံးရန် အတွက် မြစ်ရေကို တွင်ကျယ်စွာ အသုံးပြုကြသည်။

အသက်မွေးဝမ်းကျောင်းအတွက် ရွှေတူးဖော်မှုဖြင့် မှီခိုနေရသော ဒေသခံများမှာ ကျန်းမာရေးအန္တရာယ် ပိုများစေပါသည်။ သူတို့သည် ရင်းနှီးမြှုပ်နှံမှု မတတ်နိုင်သောကြောင့် တချို့သည် နေ့စားအလုပ်သမား များ ဖြစ်လာကြပြီး တချို့မှာ ခန္ဓာကိုယ်အောက်ပိုင်းကို ရေတွင်တနေ့ကုန်စိမ်ထားပြီး ဒေသလုပ်ကိုင်နည်းလမ်းများဖြင့် ရွှေရှာနည်းကို လုပ်ကိုင်ကြသည်။ ၎င်းအလုပ်မျိုးသည် အရေပြားရောဂါအမျိုးမျိုး၊ တီဘီရောဂါ နှင့် ပန်းနာရင်ကျပ်ရောဂါတို့ကိုပါ ဖြစ်ပေါ်စေပါသည်။

## ၆.၂ မတော်တဆဖြစ်ပွားမှုများ

ဤလှပသည့်မြစ်ကမ်းပါးများသည် တစ်ချိန်က ဒေသခံများနှင့် ခရီးသွားများအတွက် ခရီးသွားနေရာများ ဖြစ်ခဲ့သည်။ ရောဝတီမြစ်ဆုံနှင့် အနီးနားရှိ ကျေးရွာများသည် သမိုင်းဝင် ယဉ်ကျေးမှု ကြွယ်ဝသော နေရာများလည်း ဖြစ်သည်။ သို့သော် မြစ်ကမ်းပါးများနှင့် မြစ်ဆုံတွင် ကန်များနှင့် စွန့်ပစ်မြေစာများဖြင့် ဖုံးလွှမ်းနေသောကြောင့် ၎င်းနေရာတို့ကို ဆွဲဆောင်မှု နည်းပါးလာပြီး သိသိသာသာ ပြောင်းလဲလာသည်။ ဤအန္တရာယ်ရှိသော ကန်များနှင့် စွန့်ပစ်မြေစာ များသည် မတော်တဆမှု မကြာခဏ ဖြစ်ပွားပြီး ကလေးများနှင့် တိရိစ္ဆာန်များအတွက် အန္တရာယ်ရှိစေ သည်။ တိရိစ္ဆာန်သေဆုံးမှုလည်း အများပြား ရှိခဲ့သည်။ ဒေသခံတို့သည် ၎င်းတို့၏သားသမီးများနှင့် နွားများကို အမြဲတစေ စိုးရိမ်နေရပြီး မိုင်းများကြောင့် ဒေသခံတို့၏ လမ်းများပျက်စီးခြင်း သို့မဟုတ် လမ်းလွှဲခြင်းများ ဖြစ်ပေါ်စေသည်။ သတ္တုမိုင်းတွင်း နှင့်ပတ်သက်သည့် မတော်တဆမှုနှင့် သေဆုံးမှု များလည်း အများပြားရှိသည်။ တချို့မတော် တဆမှုက စက်ယန္တရားအသုံးပြုမှုနှင့် ပတ်သက်သည့် အမှု ဖြစ်သည်။ အခြားသော အမှုများမှာ မြေပြိုကျခြင်း၊ လေးသည့်အရာကို လက်ဗလာဖြင့် မ တင်ခြင်း၊ ရေထဲနစ်မြုပ်ခြင်းတို့နှင့် သက်ဆိုင်သည့် မတော်တဆအမှုများ ဖြစ်ကြသည်။

မိသားစုတစ်ခုတွင် ဖြစ်ပွားခဲ့သော မတော်တဆတစ်ခုကို ဒေသခံတစ်ဦးက ပြန်ပြောပြထားပါသည် “မနှစ်က မိုင်းတွင်းကို ရောက်လာကြတဲ့ မိသားစုက ကလေးနှင့် အမေဆုံးသွားကြတယ်။ အဖေက ရေထဲသို့ ဒိုက်ထိုးတာကိုကြည့်ရင်း အမေက ကလေးကို ကိုင်ထားတယ်။ သူ့ကလေးက မြစ်ထဲ ချော်ကျသွားပြီး အမေကလဲ ကလေးကို ကယ်ဖို့ရေထဲဆင်းသွားတယ်။ ဒါပေမယ့် အမေရော ကလေးရော ရေနစ်တယ် အဖေဖြစ်သူက နှစ်ယောက်လုံးကို ကယ်ဖို့ ကြိုးစာရာမှာ သူ့အသက် ဆုံးရှုံးလုနီးပါးဖြစ်ခဲ့တယ်။ ဘယ်လောက်ဝမ်းနည်း စရာကောင်းတဲ့ အဖြစ်အပျက်လဲ။”

အဆိုပါ ထိခိုက်နစ်နာမှုအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းများသည် တာဝန်ခံမှု မရှိသလို ထိခိုက် နစ်နာသူများအတွက် တရားမျှတမှု သို့မဟုတ် နစ်နာကြေးလည်း မရရှိကြပေ။ ထိုအဖြစ်အပျက်

ကဲ့သို့ ထပ်ဖြစ်လာမည်ကို ဒေသခံများက စိုးရိမ်နေကြသည်။ ထိုပြဿနာမျိုးအတွက် တာဝန်ခံမှုအားနည်း နေခြင်း သို့မဟုတ် တာဝန်ခံမှု မရှိသလောက်ပင် ဖြစ်သည်။

### ၆.၃ အတင်းအဓမ္မပြောင်းရွှေ့ခြင်း (သို့မဟုတ်) အဓမ္မစေခိုင်းခြင်း

ရွှေတူးဖော်သည့် နေရာသည် ကြီးကြပ်မှု မရှိဘဲ ရွှေအနည်းအကျဉ်းရှာဖွေရန် မြေကွက်သေးသေးလေး တစ်ကွက်ရရန်ပင် အသဲအသန်ရှာနေကြသည့် မိုင်းလုပ်သားများနှင့် ပြည့်နှက်နေလေသည်။ ဤအခြေအနေများကြောင့် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးမှုလည်း မရှိတော့ဘဲ ဒေသခံတို့၏ လယ်ယာမြေထဲအထိ မိုင်းလုပ်သားများ ၎င်းတို့နှစ်သက်သည့် နေရာတိုင်း လုပ်ကိုင်နေကြသည့် အတွက်ကြောင့် ဖရိုဖရဲ အခြေအနေများကို ဖြစ်ပေါ်စေသည်။ တချို့အခြေအနေသည် လယ်သမားများက ၎င်းတို့၏ လယ်မြေကိုပါ ကာလပေါက်ဈေးနှင့် အတင်းရောင်းခိုင်း ခံရပါသည်။ ဤသို့သော် မြေလုယူမှု ပြဿနာများ မကြာခဏ ဖြစ်ပွားလေ့ရှိပြီး မိုင်းလုပ်သားထံမှ အခွန်ကောက်ခံနေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပြဿနာများကို ဖြေရှင်းရန် စိတ်ဝင်စားမှုလည်း မရှိကြပေ။

### ၆.၄ ကလေးလုပ်သား

အောင်မြင်သာကျေးရွာမှ အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ ကလေးလုပ်သား အဓမ္မခိုင်းစေခြင်း မရှိသေးသော်လည်း မိုင်းတူးသည့်နေရာများတွင် ကလေးလုပ်သားများ မိုင်းတူးသည့်အလုပ် လုပ်နိုင်ရန် မူးယစ်ဆေးဝါးသုံးစွဲစေသည်။ ထို့ကြောင့် ထိုကလေးများသည် မူးယစ်ဆေးဝါးဝယ်ရန် ရွှေတူးသည့်အလုပ် လုပ်ကိုင်ရသည်။ ခမ်းဘူရွာတွင် မိုင်းတူးဖော်မှုတွင် ကလေးလုပ်သားများ တွေ့ရှိရသည်ဟု ဆိုသည်။ "ဒီကလေးလုပ်သားတွေကို လုပ်အားခပေးခြင်းမှာ တရားမျှတမှုမရှိပါ။ လူကြီးတွေ တစ်ရက် ၇၀၀၀ကျပ် ပေးရင် ကလေးက တစ်ရက် ၄၀၀၀ကျပ်သာ ပေးရတယ်။ ကလေးလုပ်သားတွေ ကာလရှည်ကျောင်းပိတ်ထားခြင်းနဲ့လည်း ဆက်စပ်မှုရှိနိုင်တယ်။ ဒီကလေးတွေ ကျောင်းပြန် မတက်မှာကို ရွာသားတွေက စိုးရိမ်နေကြတယ်။ တချို့ကိစ္စတွေမှာ စီးပွားရေးအဆင်မပြေမှုကြောင့် ကလေးအပါအဝင် မိသားစုဝင်အားလုံး ရွှေတူးဖော်တဲ့ မိုင်းတွင်းတွင်နေ့စားအလုပ်သမားများ ဖြစ်လာကြတယ်။ မိုင်းတွင်းရှိ ကလေးတွေ ငွေကြေးနှင့် ကိုယ်ကျင့်တရား ပျက်ပြားစေတဲ့ အကျင့်ပျက်ခြစားမှုများဖြင့် မကြာခဏသွေးဆောင်ဖျား ယောင်းခံရတယ်" ဟု ၎င်းက ပြောပြပါသည်။

## ၆.၅ အသက်မွေးဝမ်းကျောင်း

ရွာသားများသည် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် ငါးဖမ်းသည့်အလုပ်ကို မှီခိုပြီး အသက်မွေးဝမ်းကျောင်းခဲ့ကြသည်။ နှစ်ကုန်ခါနီးတွင် ငါးဖမ်းလုပ်ငန်း အထွတ်အထိပ်ရောက်သည့် အချိန်ဖြစ်၍ ဤငါးဖမ်းလုပ်ငန်းမှ တစ်နှစ်ပတ်လုံး ရိက္ခာနှင့် ဝင်ငွေအချို့ကို လုံလောက်စွာ ပေးစေသည်။ သို့သော် ယခုအချိန်တွင် ဤအရာများ ပြောင်းလဲသွားခဲ့ပြီးဖြစ်သည်။ ရွှေတူးဖော်ခြင်းလုပ်ငန်းများ ကြောင့် ငါးများမျိုးသုဉ်းကာ လယ်ယာမြေများ ဆုံးရှုံးခဲ့ရသည်။ ကပ်ရောဂါကြောင့် စီးပွားရေး ကျပ်တည်းမှုသည် ဒေသခံတို့၏ ဘဝကို ပို၍ ခက်ခဲစေပါသည်။ ထို့ကြောင့် ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းမြင့်တက်လာမှုကြောင့် ရွှေတူးဖော်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံရာတွင် အမြဲတမ်း အမြတ် မထွက်သော်လည်း ရွှေတူးဖော်ခြင်းသည် ၎င်းတို့၏ အသက်မွေး ဝမ်းကျောင်းအတွက် တစ်ခုတည်း သော ရွေးချယ်စရာ ဖြစ်လာသည်။

"ရောဝတီမြစ်ဆုံကို မြစ်ဆုံဟု မြန်မာဘာသာလို ခေါ်ကြပြီး ကချင်ဘာသာမှာတော့ Mali N'Mai Zup ဟုခေါ်ပါတယ်။ မြစ်ဆုံဟာ အရေးပါတဲ့ ယဉ်ကျေးမှုအမွေအနှစ်များထဲမှ တစ်ခုဖြစ်ပြီးတော့ သဘာဝအရင်းအမြစ်များနဲ့ ဇီဝမျိုးစုံမျိုးကွဲများ ပေါများပါတယ်။ ကျနော် ငယ်ငယ်တုန်းကဆို လွယ်လွယ်ကူကူ ဖမ်းလို့ရတဲ့ ငါးတွေ အများကြီးရှိခဲ့တယ်။ မြစ်ဆုံဟာ ဧရာဝတီမြစ်တစ်လျှောက်မှာ နေထိုင်ကြတဲ့ပြည်သူတွေကို ငါးတွေ လုံလုံလောက်လောက် ပံ့ပိုးပေးနိုင်ပြီး ရေကြောင်း ခရီးသွားလာခြင်း၊ ငါးဖမ်းခြင်း၊ ဝါးဖောင်မျောခြင်းတို့အတွက် မှီခိုနေကြတယ်။ ရွှေတူးဖော်မှုကြောင့် ရေများညစ်ညမ်း လာပြီး ငါးများများစားစားမတွေ့ရတော့ပေ။ မြစ်ဆုံမှ ငါးတွေကိုလည်း စားရဲတဲ့သူ မရှိတော့ဘူး။ ရွှေတွင်းများမှ မြစ်ထဲကို သတ္တုဓာတ်များပါနေတဲ့ အညစ်အကြေး၊ အမှိုက်များ စွန့်ပစ်နေတဲ့အတွက်ကြောင့် သူတို့ ကိုယ်တိုင် အဆိပ်သင့်မှာကို စိုးရိမ်ကြောင်း အလည်လာ သူများက ကျနော့်ကို ပြောပြကြတယ်။ ဒီအတွက်ကြောင့် ကျနော့်တို့ရဲ့ နေ့စဉ်ဝင်ငွေတွေ ဆုံးရှုံး နေရပြီး ကျနော်တို့ငါးတွေကိုလည်း ရောင်းလို့လဲ မရတော့ဘူး။ ငါးဖမ်းအလုပ်ကလည်း မြစ်ထဲမှာ ငါးအများကြီး မရှိတော့တာကြောင့် အလုပ်မဖြစ် တော့ဘူး" ဟု တန်ဖဲရွာမှ တံငါးသည်တစ်ဦးက ပြောပြပါသည်။

လူငယ်အများစုသည် အလုပ်လုပ်ရန် တရုတ်နိုင်ငံနယ်စပ်သို့ သွားကြသည်။ သို့သော် တရုတ်အစိုးရ၏ ကပ်ရောဂါနှင့် လူဝင်မှုကြီးကြပ်ရေး ကန့်သတ်ချက်များကြောင့် ရွှေတူးဖော်ခြင်းမှ လွဲ၍ အလုပ်အကိုင် အခွင့်အလမ်းမရှိသောကြောင့် အိမ်သို့ ပြန်လာကြရသည်။ ကိုဗစ်၁၉ လှိုင်းများကြောင့် ရွာသားများကို ပို၍ ကျပ်တည်းစေပါသည်။ တချို့ဒေသခံများ ရွှေတွင်းလုပ်သား များကို ကုန်စုံရောင်းသည့် ဈေးသည်အဖြစ်လုပ်ကိုင်ကြသည်။ အခြားသူများမှာ တစ်ရက် ၇၀၀၀ မှ ၁၀၀၀၀ ကျပ်ရရှိသော နေ့စားအလုပ်သမားများ ဝင်လုပ်ကြသည်။ တချို့က အစုစားအလုပ်သမား

များဖြစ်လာကြသည်။ သို့သော်လည်း အသေးစားရွှေတူးဖော်ခြင်းမှာ အမြတ်ထွက်ရန် မသေချာပါ။ အချို့မှာ တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့ပြီး အသေးစားရွှေတူးဖော်ရန် ကြိုးစားပြီးနောက် အကြွေးတင်သွားကြသည်လည်းရှိသည်။ အချို့မှာ မူးယစ်ဆေးဝါးသုံးစွဲသူများဖြစ်လာကြပြီး ၎င်းတို့ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးပါ ဖြစ်လာစေပါသည်။ ရွှေတူးဖော်မှုကြောင့် လယ်ယာမြေများ ပျက်စီးခြင်း သို့မဟုတ် ထိခိုက်ခြင်းများကြောင့် ဒေသခံတို့သည် ၎င်းတို့၏ မိရိုးဖလာ စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းများကို စွန့်လွှတ် လိုက်ရသည်။

### ၆.၆ ငွေကြေးဖောင်းပွမှု


သန့်ရှင်းသော သောက်သုံးရေရှားပါးမှုကြောင့် သောက်သုံးရေအတွက် သုံးစွဲစရိတ်သည် ဒေသခံများအတွက် အိမ်ထောင်စုဝန်ထုပ်ဝန်ပိုး နောက်တစ်ခုဖြစ်စေပါသည်။ ထို့အပြင် အခြားသော ရွှေတူးမိုင်းများကဲ့သို့ ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ရွာသားများ နောက်ထပ် ဝန်ထုပ်ဝန်ပိုး တစ်ခုဖြစ်သည်။ မိုင်းတွင်းရှိသော နေရာများတွင် အစားစာနှင့် လောင်စာများသည် မိုင်းတွင်းမရှိသော နေရာများထက် ပိုဈေးကြီးနေပါသည်။

### ၆.၇ တရားဝင်စီးပွားရေးမဟုတ်သည့်အလုပ်အကိုင်များ

တချို့သော မူးယစ်ဆေးဝါးရောင်းဝယ်သူများသည် မိုင်းလုပ်သားအဖြစ် ဟန်ဆောင်ကြသည်။ သို့သော် ထိုမူးယစ်ဆေးဝါးရောင်းဝယ်သူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နီးကပ်စွာ အချိတ်အဆက်ရှိကြသဖြင့် ၎င်းတို့ကို လူတိုင်းသိနေသော်လည်း နှုတ်ဆိတ်နေကြသည်။ မူးယစ်ဆေးလက်လှမ်းမီ ရရှိနိုင်မှုသည် ကုန်ခြောက်ဝယ်ယူသကဲ့သို့ လွယ်ကူနေပါသည်။ တချို့ရွာသားသည် မူးယစ်ဆေးစွဲသွားကာ မိသားစုများသည် မူးယစ်ဆေးစွဲမှုနှင့် ဆက်စပ်သည့် လူမှုရေးပြဿနာ ဝန်ထုပ်ဝန်ပိုးများနှင့် ရင်ဆိုင်ကြရသည်။

## ၇. ပြောင်းလဲမှုရှိသောအုပ်ချုပ်ရေးစနစ်

မိုင်းတွင်းလုပ်သားများထံမှ အခွန်ငွေကောက်ခံမှုရှိနေသောကြောင့် စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်တပ်ဖွဲ့များက မိုင်းတွင်းများကို လွှမ်းမိုးမှုရှိနေပါသည်။ ဤလုံခြုံရေးတပ်ဖွဲ့များသည် သဘာဝပတ်ဝန်း ကျင်နှင့် လူမှုရေးဆိုင်ရာ တာဝန်ဝတ္တရားများ စသည့် ဥပဒေဆိုင်ရာတာဝန်ဝတ္တရားများကို စောင့်ကြည့်ခြင်းထက် မိုင်းတွင်းမှ ဝင်ငွေရရှိရန်အတွက်သာ ပိုအာရုံစိုက်ကြသည်။ တရားဝင်ဒေသန္တရ အုပ်ချုပ်ရေးဖြစ်သော ကျေးရွာခေါင်းဆောင်ပိုင်းဆိုင်ရာကဲ့သို့သော အုပ်ချုပ်ရေးမှူးများကို လုံခြုံရေးတပ်ဖွဲ့ များမှ ဆွေးနွေးတိုင်ပင်ခြင်းလဲ မရှိပါ။ အနီးအနားရှိ မြို့နယ်/ခရိုင်အုပ်ချုပ်ရေးသည် စစ်တပ်က ၎င်းတို့ဘာသာ လည်ပတ်နေသောကြောင့် မျက်ကွယ်ပြုထားသဖွယ် ဖြစ်နေပါသည်။ သို့သော်လည်း ကျေးရွာခေါင်းဆောင်များသည် ပြဿနာများ လျော့နည်းလာရန် ကြိုးပမ်းဖြေရှင်သော်လည်း မအောင်မြင်ခဲ့ပေ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန

ရုံးတံဆိပ် — သစ်တော — အမှတ်စဉ် ၀၁/မြစ်ကြီးနား/၀၀၃၈

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်

[redacted]

[redacted] ...သူများအဖွဲ့

[redacted] ......... ပြည်ထောင်စုနယ်မြေ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်။


၁။ သစ်တောဥပဒေပုဒ်မ ၅၀ (ခ)နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကျွန်ုပ်သည် လူကြီးမင်းပါ(..၃၅..)ဦးဖြင့် ဖွဲ့စည်းထားသည့် အသုံးပြုသူများအဖွဲ့ကို အောက်ဖော်ပြပါနေရာဒေသတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်ပြု၍ အဖွဲ့ဝင်များအဖြစ် အပိုဒ် (၁) အပိုဒ်ခွဲ (င)တွင် ဖော်ပြပါရှိသည့် အသုံးပြုသူများအဖွဲ့၏ စီမံအုပ်ချုပ်မှု အောက်တွင်ထားရှိလိုက်ပါသည်။ ဤလက်မှတ်အား ..၂၀၁၉...ခုနှစ်၊ .....ဩဂုတ်.........လ၊ ..၉......ရက်နေ့တွင် အတည်ပြုခဲ့သော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထုတ်ပေးခြင်းဖြစ်ပါသည်။

(က) ဒေသခံပြည်သူအစုအဖွဲ့ပို [redacted] ...အစုအဖွဲ့ပိုင်သစ်တော......။
(ခ) ဒေသခံပြည်သူအစုအဖွဲ့ပို [redacted] ...ကွယ်တော..........။
(တစ်လက်မ=တစ်မိုင် မြေပုံပူးတွဲ)
(ဂ) နယ်နိမိတ်
[redacted] ......................................။
......................................။
...ချောင်းဖျား ) ......................................။
...ကျေးရွာလမ်း ......................................။
( လေးလက်မ=တစ်မိုင် မြေပုံပူးတွဲ)
(ဃ) ဧရိယာ ....( ၉၇၅ )ဧက.............................။
(င) အသုံးပြုသူများ [redacted] ...လအောင်...(ပါ).၃၅..ဦး(စာရင်းအသေးစိတ်ပူးတွဲ)
၂။ ဆောင်ရွက်ခွင့်လက်မှ [redacted] ....၂၆.၉.၂၀၁၉............
၃။ ဆောင်ရွက်ခွင့်လက်မှ [redacted] ....၂၅.၉.၂၀၄၉........။

လက်မှတ်ထုတ်ပေးသည့် ခရိုင်သစ်တောအရာရှိ

လက်မှတ်-
အမည်- (နိုင်နိုင်ထူး)
ရာထူး- ခရိုင်ဦးစီးမှူး / သစ်တောဦးစီးဌာန
ရက်စွဲ- မြစ်ကြီးနား ခရိုင်၊ မြစ်ကြီးနားမြို့

အစုအဖွဲ့ပိုင်သစ်တောများကို လဝါယန်ပြည်သူ့စစ်တို့ ခြိမ်းခြောက်လျက်ရှိသည်။ ၂၀၀၅ ခုနှစ် အစောပိုင်းတွင် မအောင်မြင် သည့် အာဏာသိမ်းကြိုးပမ်းမှု နောက်ပိုင်း တွင် ကချင်လွတ်မြောက်ရေး တပ်ဖွဲ့ KIO ၏ အမျိုးသားလုံခြုံရေး ထောက်လှမ်းရေး အကြီးအကဲဖြစ်သူ ဗိုလ်မှူးကြီး လဆန်း အောင်ဝါးက lawa Yang ပြည်သူ့စစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ လဆန်းအောင်ဝါးနှင့် အဖွဲ့တို့သည် နယ်ခြားစောင့်တပ် (BGF) အဖြစ် ပြောင်းလဲ ခဲ့ကြပြီး ဝိုင်းမော်မြို့နယ် ဂွေးထူးကျေးရွာ နှင့် လဝါယန်ကျေးရွာတို့တွင် အခြေစိုက်ကြသည်။ ရပ်ရွာတစ်ခုသည် အစုအဖွဲ့ပိုင် သစ်တောဆောင်ရွက်ခွင့် လက်မှတ်ကဲ့သို့ စာရွက်စာတမ်း ရှိသော်လည်း စစ်အာဏာ သိမ်းပြီးနောက်ပိုင်းတွင် ယင်းလက်မှတ်တို့သည် အာမခံချက်မရှိတော့ပါ။ ခမ်းဘူကျေးရွာဧရိယာတွင် အစုအဖွဲ့ပိုင်သစ်တောပြုလုပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC)၏ သစ်တောဦးစီးဌာနတို့ ခွင့်ပြုမိန့်ကို ၂၀၁၉ခုနှစ် ဩဂုတ်လ ၉ရက်နေ့တွင် ရရှိခဲ့သည်။



GWI HTU LAWA YANG, LA SANG AWNG WAH (HTA NE) PI HTU SIT. MUNG CHYING UP HKANG DAP WAI MAW GINWANG DAW. LAIKA MASAT - 008 - UP / NAWNG HKYING MARE.

NINGHTOI -28.7.2021.

GINLAM; :CF KOMITI RUNG SHAGU HTE MARE KOMITI RUNG NI HPANG BAI KAHTAP SHANA CHYE SHANGUN DAT AI LAM.

Lahta na Gin Lam hte maren, matut shana dat ga ai. Shana shabra mayu ai lam hta, Gwi Htu/ Lawa Yang Ningbaw Kaba La Sang Awng Wah sim sa lam la da ai shara kata kaw lamu ga law law hpe la madu tawn nna, Yi Sun Hkana hte CF lamu ga nga nna madu da sai CF Komiti ni yawng hte Yi Sun madu ni hpang de kalang bai shana shabra dat ga ai.

1. Hka raw a La pai La hkra de PE 200, -150, ngu masat da ai lam nga sai.
2. Dai masat da a i shara hpe n'hprang rai rawng ai shara rai jang Buga Gaw sharawt a Shang Gunhpraw tam shara ngu masat ai lam re.
3. Hka kau de du hkra Yi hkyen hpun hkai da ai Kanu Kawa ni chyena da ra na re.
4. Matut nnna Yi bai galw na rai yang ndai lam hpe chye da ra na re.
5. CF shara re nga nna, Tinang n gun ndat da ai malaing mala ni hpe majoi kyem masat tawn ai lam n'galaw lu na.
6. အဖွဲ့အစီး a matu shang Gumhpraw tam pat shing dang ya ai lam nmai galaw lu na.
7. U hpung U hpawng a ntsa shada myit tau chyena hkat yang gaw htap htuk manu ai lam rai na re.
8. Ningbaw Kaba La Sang Awng Wah U hpung ni sim sa lam la da ai hpe mara mu na malai chyeju mahtang dum nna n'gun jaw madi shadaw hkat ga ngu tsun mayu ai.
9. Kam hpa ai lauban launa lamu ga CF madu ni yawng hpe garum hpyi dat ga ai.
10. Lahta de masat ai lawng lam ni hte shagrin da sai lam hpe ningdang ninghkap ai lam kadai n'ng a na sai ngu kam hpa dat ga ai.

CL/TG 28.7.2021
Kanan;-
(1) Dai Lawn Rung
(2) Rung Sin Pa

N/T Lit Hkam
Lat Du Up Jum D. Gam Awng
D. G. A Rung
Nawng Hkying Mare

၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ဤစာကို ဗိုလ် Gam Awng မှ ရပ်ရွာ သစ်တောကော်မတီဝင်များထံ အသိပေးစာအဖြစ် ပေးပို့ခဲ့သည့်စာ ဖြစ်သည်။ ဤစာတွင် ရပ်ရွာ ကော်မတီဝင်များနှင့် ရွာသားများမှ မြေပိုင်ရှင်များသည် အောက်ပါ တို့ကို သတိထားရမည်ဟု ရေးသားထား ပါသည်။ မြစ်ကမ်းပါး တစ်လျှောက် ရွှေသိုက်များရှိလျှင် ရွှားများနှင့် မြစ်ကမ်းနံဘေးမှ ပေ ၁၅၀ မှ ၂၀၀ အကြားတွင် နီးကပ်နေသော်လည်း ၎င်းသည် ရပ်ရွာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ခေါင်းစဉ် အောက် ရှိ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းနှင့် လဆန်းအောင်ဝါးအဖွဲ့၏ ဘဏ္ဍာရေး ဝင်ငွေအတွက် ဖြစ်သည်ကို ရွာသား များ နားလည်သဘောပေါက် သိရှိထားရမည်။ ရပ်ရွာ များသည် ၎င်းတို့၏ ရွှေတူးဖော်ရေး လုပ်ငန်းများကို မည်သည့်နည်းနှင့်မဆို ခွင့်ချက်မရှိ သဘောတူရမည်။ ယခုတွင် ရွာသား များသည် ပြည်သူ့စစ်၏ ခြိမ်းခြောက်မှု အောက်တွင် နေထိုင်ရသည့်အတွက် ဘာမျှ ပြောဆိုနိုင်ခြင်းမရှိတော့ပေ။ အစုအဖွဲ့ပိုင်သစ်တောများကိုလည်း သိမ်းပိုက်ခံထားရသောကြောင့် ပြည်သူ့စစ်များ ၎င်းနေရာတွင် ကြိုက်သလို ရွှေရှာဖွေ နိုင်သည်။ ရပ်ရွာပြည်သူတို့က ၎င်းတို့၏ဒေသသည် ကာလကြာရှည်စွာ တရားဥပဒေစိုးမိုးမှု အကာအကွယ်မဲ့နေသည်ဟု ခံစားနေကြသည်။

## ၈. ပြဿနာဖြေလျှော့မှု နှင့် တုန့်ပြန်မှု အကန့်အသတ်ရှိခြင်း

ကျေးရွာခေါင်းဆောင်အုပ်စုများသည် သစ်ပင်ပြန်လည်စိုက်ပျိုးရန် ကြိုးစားခဲ့ကြသော်လည်း မြေယာပြန်လည်ထူထောင်ရေးအတွက် ဘတ်ဂျက်မရှိပါက သတ္တုတူးဖော်သည့်နေရာတွင် မဖြစ်နိုင်ပေ။ ရွာသားများကြားတွင် သဘာဝပတ်ဝန်းကျင်အသိအမြင်လည်း နည်းပါးနေပါသည်။ ကပ်ရောဂါကြောင့် စီးပွားရေးကျပ်တည်းလာသောကြောင့် ရွှေတူးဖော်ခြင်းကို အားကိုးနေရသောရွာသားများသည် ကျေးရွာခေါင်းဆောင်၏ အကြံဉာဏ်ကို လိုက်နာကြသည်။ ယခင်က သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို ယာယီရပ်ဆိုင်းထားသော်လည်း မီဒီယာ သို့မဟုတ် အခြားနည်းလမ်းဖြင့် သတင်းပို့ရန် နည်းလမ်းများ ရှိခဲ့ပါသည်။ သို့သော်လည်း အာဏာသိမ်းပြီးနောက်ပိုင်းတွင် နိုင်ငံရေးမတည်ငြိမ်မှုများနှင့်အတူ မီဒီယာလွတ်လပ်ခွင့် သိသိသာသာ အကန့်အသတ်ရှိလာပြီး ၎င်းနည်းလမ်းများမှာ ထိရောက်မှု မရှိနိုင် တော့ပေ။ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အကြမ်းဖက်မှု၊ ခိုးမှု နှင့် အခြားရာဇဝတ်မှုနှုန်း တိုးမြင့်လာပါသည်။ ဒေသခံတို့သည် ၎င်းတို့၏ ပိုင်ဆိုင်မှုနှင့် လုံခြုံရေးအတွက် အချိန်တိုင်း စိုးရိမ်ထိတ်လန့်စွာ နေထိုင်နေကြရသည်။ ရဲတပ်ဖွဲ့များသည် ကူညီမှုမပေးဘဲ မူးယစ်ဆေးဝါးရောင်းဝယ်မှု တွင်ပါပါဝင်ပတ်သက် ဖွယ် ရှိနေသည်။

ခမ်းဘူရွာတွင် ရွာသားများနှင့် မိုင်းလုပ်သားများကြား ပြဿနာများ ရှိခဲ့သဖြင့် မြစ်ကမ်းပါးတိုက်စားခြင်းမှ ကာကွယ်ရန် မြစ်ကမ်းပါးပေ ၃၀၀အတွင်း ရွှေတူးဖော်မှုကို ခွင့်မပြုပေ။ ရွာသားများသည် ပြဿနာများစွာကို အမြဲတစေ ရင်ဆိုင်နေရပြီး ၎င်းတို့ ဖြေရှင်းရန် ကြိုးစားသော်လည်း ၎င်းတို့၏ အသံကို တခါမျှ မဖော်ထုတ်နိုင်ခဲ့ပေ။ ထိုထိခိုက်မှုအများစုသည် ဖြေလည်သွားခြင်း မရှိရုံသာမက ပြဿနာများ တိုးပွားလာပါသည်။ ရွာသားများသည် စိတ်ဓာတ်ကျပြီး အခြေအနေနှင့် လိုက်လျော ညီထွေဖြစ်ရန် ကြိုးစားနေထိုင်ခဲ့ကြသည်။

# ရောဝတီမြစ်ဆုံတွင် လက်ရှိဖြစ်ပေါ်နေသော ရွှေတူးဖော်မှုဆိုင်ရာ နောက်ဆုံးရရှိသောသတင်းအချက်အလက်

## ဇွန်လ ၂၀၂၂ ခုနှစ်

မြစ်ဆုံဒေသတွင် ဆက်လက်ရွှေတူးဖော်နေမှုကို မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက်အဖွဲ့မှ စောင့်ကြည့်လေ့လာနေပြီး အောင်မြင်သာရွာအပါအဝင် တန်ဖဲ၊ မလိယာန် နှင့် နောင်နန်း ကျေးရွာအုပ်စုတို့တွင် ကွင်းဆင်းအင်တာဗျူးများနှင့် ကိုယ်တွေ့လေ့လာခြင်းများဖြင့် စောင့်ကြည့် လေ့လာခဲ့ပါသည်။ MMWN သည် အမျိုးသမီး ၇ဦး၊ အမျိုးသား ၈ဦး နှင့် အုပ်စုအလိုက်မေးမြန်းမှု ၁၂ဦး လူတွေ့မေးမြန်းမှု ပြုလုပ်ခဲ့ပါသည်။ MMWN သည် ပတ်သက်ဆက်နွယ်သူများကို ရှာဖွေဖော်ထုတ်ခြင်း နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အထူးသဖြင့် ကလေးနှင့် အမျိုးသမီးများ နှင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို လေ့လာခဲ့ပါသည်။ MMWN သည် ၂၀၂၁ ခုနှစ်မှ စပြီး ရောဝတီမြစ်ဆုံရှိ ရွှေတူးဖော်မှုကို စောင့်ကြည့်လေ့လာနေခဲ့ပြီး ၎င်းရွှေတူးဖော်မှုမှာ တိုးလာခဲ့သည်။ MMWN သည် အာဏာသိမ်းမတိုင်ခင်နှင့် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပြုလုပ်ခဲ့သော သုတေသနအပေါ် အခြေခံပြီး ဤစီရင်ခံစာအကျဉ်းချုပ်နောက်ဆုံးရရှိခဲ့သော အချက်အလက်ကို မျှဝေ ခဲ့ပါသည်။ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူ့စစ်များ၊ စစ်အာဏာရှင်များနှင့် လက်နက်ကိုင်အဖွဲ့ များအားလုံးသည် သတ္တုမိုင်းမှ အကျိုးအမြတ်ခံစားရရှိသူများ ဖြစ်ကြသည်။ စစ်အုပ်စုနှင့် ပြည်သူ့စစ်များသည် အသေးစားနှင့် အကြီးစားကုမ္ပဏီများမှ လစဉ်အခွန်ငွေကောက်ခံကြသူ ဖြစ်သည်။ ရွှေတွင်းလုပ်သားတို့သည် မြစ်ဆုံအထက်ပိုင်းနှင့် မြစ်ဆုံအောက်ပိုင်းတွင် စက်ယန္တရားကြီးများဖြင့် ရွှေတူးဖော်လျက်ရှိပြီး အချို့သော ဒေသခံပြည်သူများသည် အသေးစားရွှေတူးဖော်ခြင်းအလုပ်ကို လုပ်ကိုင် ကြသော်လည်း လက်နှင့်အားထားရသောပစ္စည်းများဖြင့်တူးဖော်၊ ရွှေကျင် သောကြောင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်မှုမရှိပေ။

မလိယာန်ဒေသခံတစ်ဦးပြောပြချက်အရ "မြစ်ဆုံ၊ တန်ဖဲ၊ မလိယာန် နဲ့ ဒေါင်ပန် အနီးတဝိုက်မှာ ဒေသခံအများပြား ရွှေတူးဖော်နေကြတယ်။ အာဏာသိမ်းပြီးနောက် ရွာသားအများစုဟာ အလုပ်အကိုင် ရှားပါးလာတဲ့အတွက် ရွှေတူးတဲ့အလုပ်ကို အားကိုးလာကြတယ်။ ရွှေတွင်းသွားတဲ့အခါ တစ်ရက်ကို ၂၀၀၀၀ မှ ၅၀၀၀၀ ကျပ်ကြား ရတယ်။ ရွှေဈေးလည်း တက်လာတော့ လူတိုင်းက ရွှေရှာရတာ ပျော်ကြတယ်။ ပြီးတော့ ရွာနဲ့ အဝေးကြီး သွားစရာ မလိုတော့ ယော်ကျားရော မိန်းမပါ သွားရတာ အဆင်ပြေတယ်။ လူငယ်တွေလည်း ရွှေတွင်း

ဧရိယာမှာ အလုပ်လုပ်ကြတယ်။ သူတို့က မိဘတွေနောက် လိုက်ပြီး ကူလုပ်ပေးတယ်။ လူငယ်တွေက ရေပိုက်တွေကို သယ်နိုင်ရင် သူတို့မိဘတွေကို ကူကြပြီးတော့ မိဘတွေကလဲ ခွင့်ပြုတယ်။ မိဘတွေက သူတို့သားသမီးတွေကို ကျောင်းပို့ချင်ပေမယ့် စကစ စစ်အုပ်ချုပ်ရေးစနစ်အောက်မှာတော့ သူတို့သားသမီးတွေကို ကျောင်းမတက်စေချင်ဘူး။ ရွှေတူး တဲ့ အလုပ်က မိသားစုရဲ့ ငွေကြေးအခက်အခဲအတွက် ခဏတာ အထောက်အကူတော့ ဖြစ်ပါတယ်။”




*Taken photo near the riverbank of Myitsone during the occasion of World Environment Day June 5, 2022, at Hkang Bu village, Waimaw township.*

“စက်ပစ္စည်းတွေနဲ့ မီးစက်တွေ ဝယ်ဖို့ မတတ်နိုင်တဲ့ မိသားစုတွေက ရွှေကျင်အင်ဝိုင်း နှင့်ဂေါ်ပြားတွေကို အသုံးပြုကြတယ်။ ဒါပေမယ့် အခုတော့ ဒေသခံစီးပွားရေး အထက်တန်းလွှာတွေက နိုင်ငံရေး မတည်ငြိမ်မှုကို အခွင့်ကောင်းယူနေကြတယ်။ ဦးယွပ်ဇော်ခေါင် Yup Zau Hkawng ဟာ ဒေသခံစီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်တယ် ကချင်ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ (Kachin Peace-talk Creation Group) ရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တယ်။ သူဟာ မြစ်ဆုံဒေသမှာ ရွှေတွင်းမိုင်းတူးတဲ့ Jade Land Company Ltd ကို ဦးစီးပိုင်ဆိုင်သူလဲဖြစ်တယ်။ ဦးယွပ်ဇော်ခေါင်ကတော့ ရွှေတူးဖော်တဲ့လုပ်ငန်းကို အကြီးစားစက်ဖြင့် တတ်နိုင်သော်လည်း ဒေသခံပြည်သူတွေက စက်အကြီးတွေကိုတော့ မတတ်နိုင် ကြဘူး။ သူက စစ်ကောင်စီခန့်ထားတဲ့ ကချင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ နီးစပ်သူလဲဖြစ်တယ်။ အဲဒါကြောင့် ဘယ်သူ့ကိုမှ သူဂရုမစိုက်ဘဲ သူကြိုက်သလို စီမံခန့်ခွဲခွင့် ရှိနေတယ်။ သူ့ရဲ့ ရွှေတူးဖော်တဲ့ လုပ်ငန်းတွေကို ဆန့်ကျင်တဲ့သူတွေကို

ခြိမ်းခြောက်မှုတွေ လုပ်တယ်။ မြန်မာနိုင်ငံမှာ အာဏာသိမ်းပြီးနောက်ပိုင်း ကျမတို့ကို ဘယ်အဖွဲ့ကမှ ရပ်တည်ပေးတာမရှိသလို ခံစားရပါတယ်။ မြစ်ဆုံမှာ ရွှေတူးတာကို ရပ်ဆိုင်းပေးဖို့ မေတ္တာရပ်ခံစာတစ်စောင် Kachin Independence Organisation (KIO) ကို တင်ထားခဲ့ပေမယ့်လည်း ဒေသခံပြည်သူတွေရဲ့အသံကို စာနာမှုတစ်စုံတစ်ရာတောင် သူတို့မပြနိုင်ဘူး။ ဒေသခံအရပ်ဘက်အဖွဲ့အစည်းတွေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများ လုပ်ဆောင်မှုအားနည်းလာတယ်။ သူတို့လဲ ဒီစစ်အာဏာရှင်အောက်မှာ ရှင်သန်ဖို့ ရုန်းကန်နေရတယ်လို့ ကျမထင်ပါတယ်။ အရင်တုန်းကတော့ ဧရာဝတီမြစ်ကို ကာကွယ်ဖို့အတွက် ကျမတို့ အတူပူးပေါင်းမှုတွေ ကောင်းကောင်းလုပ်နိုင်ခဲ့ကြတယ်။ အာဏာသိမ်းပြီးတဲ့နောက်မှာတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းတဲ့ လုပ်ဆောင်မှုတွေ သိပ်မရှိတော့ဘူး။ စက်အကြီးတွေ ကျမတို့နယ်မြေတွေကို အမြတ်ထုတ်ဖို့ ဝင်လာတာကို ကျမတို့ ဒေါသ အတော်ထွက်တယ်။ ကျမတို့အတွက် ရှုံးစေတယ်လို့ ခံစားရတယ် ဘာလို့လဲဆို ကျမတို့က မီးစက်၊ ရေစုပ်ပိုက်၊ ရွှေကျင်အင်ဝိုင်း နှင့် ရွှေလက်လောင်တို့သာ အသုံးပြုတယ်လေ။ သစ်တောပြုန်းတီးမှုနဲ့ သဘာဝသယံဇာတ ရှားပါးမှုတွေ ကြုံလာရတယ်။ ဒေသခံတွေ ထမင်းချက်ဖို့ ထင်းတွေ အဓိကအသုံးပြုတယ်။ ခုတော့ တောထဲမှာ ထင်းရှာဖို့ တောမရှိတော့ဘူး။ ယွပ်ဇော်ခေါင်ဟာ မြစ်ဆုံမှာ ရွှေတူးတဲ့အတွက်ကြောင့် မြစ်ဆုံရဲ့အလှတွေ သဘာဝရှုခင်းတွေကို ဖျက်စီးလိုက်တယ်။" လို့ အောင်မြင်သာရွာမှ အမျိုးသမီး ခေါင်းဆောင်တစ်ဦးက ပြောပြပါသည်။

## သစ်တောပြုန်းတီးမှုနှင့် အသက်မွေးဝမ်းကျောင်းအတွက် ဒေသခံတို့၏ စိုးရိမ်ပူပန်မှုများ

"မြစ်ဆုံဒေသအနီးတစ်ဝိုက်မှာ ရွှေတူးဖော်မှုများ များပြားလာတဲ့အတွက်ကြောင့် သစ်တောတွေ ပျောက်ကုန်ကြတယ်။ ရွှေရှာဖို့ ဘူဒိုဇာလို စက်အကြီးတွေနဲ့ နာရီပိုင်းအတွင်း သစ်ပင်တွေကို ရှင်းပစ်တာ မြေယာတွေကို ဖျက်ဆီးပစ်ကြတယ်။ မြစ်ဆုံကို လာလည်ရင် တွေ့ရမှာပါ သဘာဝရှုခင်းတွေ အရင်ကလို မလှတော့ဘူး ရေလမ်းကြောင်းတွေပျက်စီးပြီး ရေတွေညစ်ညမ်း ကုန်တယ်။ မိုးရာသီဆို လယ်မြေတွေမှာ ရေနစ်မြုပ်ပြီး ဧကအမြောက်အများ အနယ်တွေနဲ့ ဖုံးပြီး ကျန်ခဲ့တယ်။ အဲဒါကြောင့် ကောက်ပဲသီးနှံတွေ ကောင်းကောင်းမစိုက်ပျိုးနိုင်တဲ့အတွက် တောင်သူတချို့ သူတို့ရဲ့မြေတွေကို တခြားသူတွေကို ရောင်းလိုက်ရတယ်။" ဟု မလိယာန်ရွာမှ တောင်သူတစ်ဦးက ပြောပြပါသည်။

"အရင်ကဆိုရင် နောင်နန်းကျေးရွာမှာ ရွှေတူးဖော်တဲ့ ကုမ္ပဏီတွေမရှိခဲ့ဘူး အခုတော့ မြစ်ဆုံ အောက်ပိုင်းမှာ ရွှေတူးတဲ့ ကုမ္ပဏီကြီးတွေ အများကြီးရှိနေပြီးဖြစ်တယ်။ ရွှေတူးတဲ့ လုပ်ငန်းတွေ အများကြီးရှိတယ် သူတို့က လှေအသေးတွေနဲ့ အလုပ်လုပ်ကြပြီး ရွှေရှာဖို့ မြေဆီ၊မြေသားတွေ သဲတွေ ကျောက်ခဲတွေအများကြီးကို ဟိုက်ဒရောလစ်အင်ဂျင်တွေကို သုံးပြီးစုပ်ယူတယ်။ စိန်လုံးကုမ္ပဏီ၊ ဟူကောင်းကုမ္ပဏီ၊ မဥ္ဇူသာကုမ္ပဏီ၊ မြန်မာမိတ်ကာဟုမ်းကုမ္ပဏီ စတဲ့ ကုမ္ပဏီလေးခုရှိတယ်။ ဒီကုမ္ပဏီတွေက မြစ်ဆုံအောက်ပိုင်းမှာ သဲတွေကို ထုတ်ယူခွင့် ရရှိထားတယ်။ ဒါပေမယ့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း သူတို့တွေ ရွှေတူးဖော်မှုတွေ ထဲထဲဝင်ဝင် လုပ်ကိုင်လာကြတယ်။ ဒီကုမ္ပဏီတွေ နောင်နန်းကျေးရွာကို ရောက်လာပြီးကတည်းက လေထုညစ်ညမ်းမှုတွေ၊ ဆူညံမှုတွေ၊ မတော်တဆမှုတွေ၊ မြစ်ကမ်းပါးပြိုတာ စတဲ့ ပြဿနာတွေနဲ့ ကြုံနေရတယ်" ဟု နောင်နန်းရွာမှ ရွာသား တစ်ဦးက ပြောသည်။

ကုမ္ပဏီများ ရွာသားတို့၏ သဘောတူညီချက် မရရှိဘဲ မြစ်ကမ်းပါးများကို အပိုင်စီးကာ သဲနှင့်ရွှေကို တူးဖော်နေကြသည်။ ရွာဥက္ကဌက အဆိုပါမြေများကို ရွာသားများနှင့် တိုင်ပင်ဆွေးနွေးမှုမရှိဘဲ ကုမ္ပဏီများကို ရောင်းချခဲ့သည်။ ဤအဖြစ်အပျက်ကို ဒေသခံအချို့ကသာ သိရှိသည်။ သို့သော်လည်း အမှန်တရားကို ဖော်ထုတ်ပြောဆိုရန် ကြောက်ရွံ့နေကြသောကြောင့် ကျန်ရွာသားအများစုက မသိကြပေ။ ရွာသားအများစုက ၎င်းမြေများကို အစိုးရမှသိမ်းယူလိုက်သည် ဟု ထင်နေကြသည်။ အမှန်တွင် ရွာဥက္ကဌ နှင့် ဒေသအာဏာပိုင်များက ကုမ္ပဏီများကို ရောင်းချခဲ့ပါ

သည်။ ထိုမြေများကို ဒေသခံ ရွာသားများ၏ ပိုင်သောမြေများ (အများပိုင်မြေနှင့် ပုဂ္ဂလိကပိုင်မြေ) ဖြစ်သည်။ နိုင်ငံရေးအခြေအနေ မတည်ငြိမ် ဖြစ်နေသောကြောင့် Rosner ရွာနှင့် နောင်နန်းရွာတို့တွင် တရားဥပဒေစိုးမိုးမှုမရှိသောကြောင့် ရွာသားများ စိုးရိမ်ကြောက်ရွံ့နေရသည်။ ဧရာဝတီမြစ်တွင် ကုမ္ပဏီများက ကန့်သတ်ထားသောကြောင့် ရွာသားများ ရွှေရှာ၍ မရနိုင်ပါ။ ထို့ကြောင့် ၎င်းတို့သည် သဘာဝသယံဇာတကို မှီခိုနေရ၍ စိုက်ပျိုးရန် လည်း မြေမရှိသည့်အပြင် ရွှေတူးဖော်မှုကြောင့် မြစ်ရေများ ညစ်ညမ်းလာခြင်းကြောင့် ရွာသားများ အနေဖြင့် ငွေကြေးခက်ခဲမှုဖြစ်စေပါသည်။

"ရွှေတူးဖော်ရေးလုပ်ငန်းမှ စွန့်ထုတ်လိုက်တဲ့ အညစ်အကြေးများကြောင့် ရေတွင် ဓာတ်ပစ္စည်းတစ်ခု ဖြစ်တဲ့ ပြဒါးအန္တရယ်များလာပြီး မြစ်တွင် ငါးဖမ်းရန် နေရာမရှိတော့ပေ။ အရင်ကဆိုရင် အများပိုင်မြေ မှာ လုပ်ကိုင်ရင်တောင် မိသားစုအတွက် ငွေကြေးလုံလုံလောက်လောက် ပံ့ပိုးနိုင်ခဲ့တယ်။ ပေါက်တူးနဲ့ အင်ဝိုင်းသုံးပြီး လက်ဖြင့် ရွှေရှာနိုင်တယ်။ ရွာသားတွေ မြစ်ကမ်းနံဘေးမှာ ရွှေရှာခြင်းနဲ့ ငွေရှာနိုင်ကြ တယ်။ ကုမ္ပဏီတွေ ရွာကို ရောက်ပြီးနောက်ပိုင်း ဒီအရာတွေအားလုံး ပြောင်းလဲပြီး ပျောက်ဆုံးကုန် တယ်။ မြစ်ကမ်းပါးက ခဏခဏပြိုကျတဲ့အတွက် ရွာသားတွေ မြစ်ကမ်းပါးနဲ့ဝေးတဲ့ နေရာတွေကို ပြောင်းရွှေ့ကြရတယ်။ ကုမ္ပဏီတွေ သဲထုတ်ယူဖို့သာ မြစ်ကမ်းပါးအနီးမှာ မြေတွေဝယ်ယူခဲ့တယ်။ ဒါပေမယ့် ဒေသအာဏာပိုင်တွေနဲ့ စစ်ကောင်စီတပ်၊ ပြည်သူ့စစ်တို့နဲ့ပူးပေါင်းပြီး ရွှေတူးဖော်မှုတွေပါ လုပ်ဆောင် နေကြတယ်။ မြစ်ကမ်းပါးအနီးမှာ ရွှေတူးဖော်မှု များလာတဲ့အတွက်ကြောင့် မိုးရာသီဆို လယ်မြေထဲကို ရေတွေဝင်တယ်။ မြစ်ထဲကရေတွေ လယ်ထဲစီးဝင်ပြီး အပင်တွေပျက်စီးသွားတယ်။ ကုမ္ပဏီရဲ့မူရင်း နေရာက Rosner ရွာဖြစ်တယ်" ဟု နောင်နန်းရွာသားတစ်ဦးက ပြောသည်။

"လက်ရှိကြုံတွေ့နေရတဲ့ပြဿနာတစ်ခုကတော့ ကုမ္ပဏီရဲ့ ဧရာဝတီမြစ်အောက်ပိုင်းက သဲနဲ့ ကျောက် ထုတ်ယူမှုပါပဲ။ ကားတွေ ရွာကို ဖြတ်သွားတဲ့အခါ ဖုန်တွေထတော့ အိမ်မှာနေလို့မရဘူး။ ရွာကို ဖြတ်သွားနေတဲ့ ကုမ္ပဏီက ကားတွေကို ရွာသားတွေက မကြိုက်ကြဘူး။ ကုမ္ပဏီတွေ မနက် ၆ နာရီမှ ည ၉နာရီကြား အလုပ်လုပ်တယ်။ ဆူညံသံတွေက ကျနော်တို့နေ့စဉ်ဘဝကို အနှောင့်အယှက် ဖြစ်စေပါ တယ်။ ညဘက်တွေရော နေ့ဘက်ပါ ကောင်းကောင်းအိပ်လို့မရဘူး။ ဒီဆူညံသံတွေက ကျနော်တို့ ဘုရားကျောင်းမှာ ဆုတောင်းနေချိန်ရော ကလေးတွေကျောင်းမှာစာသင်တဲ့အချိန်မှာလည်း အနှောင့်အယှက်ဖြစ်စေပါတယ်။ အဲဒါကြောင့် လူငယ်အများစုက ကျောင်းမှာ စာသင်ရင်းနဲ့ညဘက် အိမ်စာလုပ်ရင်း အာရုံစိုက်နိုင်မှု ပျက်စေတယ်။

အချို့ဒေသခံတွေက သူတို့ရဲ့မြေကွက်တွေက ကုမ္ပဏီနဲ့ နီးကပ်နေတဲ့အတွက်ကြောင့် ရေရှည်နေဖို့ အိမ်မဆောက်ချင်ဘဲ သူတို့ရဲ့မြေကို လယ်ယာမြေအဖြစ် ပြောင်းလဲလိုက်ကြတယ်။ သူတို့ခြံထဲမှာ ဟင်းသီးဟင်းရွက်စိုက်ဖို့ လုပ်ပေမယ့်လည်း ထရပ်ကားအကြီး တွေရဲ့တုန်ခါမှုကြောင့် ဖုန်မှုန့်တွေကြောင့် အပင်ကောင်းကောင်း မကြီးထွားနိုင်ဘူး။ ကားတွေ ဖြတ်မောင်းတဲ့အခါမှာ မြေကြီးတုန်ခါမှုတွေနဲ့ ဖုန်မှုန့်တွေ အတော်ထစေပါတယ်။ အပင်တွေ ဖုန်တွေ ဖုံးကုန်တော့ ကောင်းကောင်းမရှင်သန်နိုင်ဘူး။ မြစ်ကမ်းပါးတစ်ဝိုက်မှာ ရွှေတူးဖော်မှုတွေကြောင့် မြေတွေ ပျက်စီးတယ် လယ်တွေစိုက်ပျိုးရတာ အတော်ခက်ခဲတယ်။ ရွာသားတွေ လေထုညစ်ညမ်းမှု ဒဏ်ကို ခံရလေ့ရှိပြီး အသက်ရှူလမ်းကြောင်းပြဿနာတွေနဲ့ အဆုတ်ရောဂါလိုမျိုး ကျန်းမာရေး ပြဿနာတွေကို ဖြစ်စေပါတယ်" ဟု နောင်နန်းရွာသားတစ်ဦးက ပြောပြပါသည်။

## အမျိုးသမီးများအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများနှင့် စိန်ခေါ်မှုများ

ယခင်က သစ်လုံးတွေကို မြစ်ထဲမှ အလွယ်တကူ ဆယ်ယူကောက်နိုင်ခဲ့သော်လည်း ယခုချိန်တွင် သစ်လုံးများမြစ်တွင်မျောပါးခြင်း မရှိတော့ပေ။ ဧရာဝတီမြစ်တစ်လျှောက် မြစ်ဆုံအောက်ပိုင်းနှင့် အထက်ပိုင်းတွင် ရွှေတူးဖော်ခြင်း လုပ်ငန်းများ တူးဖော်လျက်ရှိသည်။ ရွှေတူးဖော်မှုများ၏ အကျိုးဆက်သည် သစ်တောများ တနေ့တခြား ပျက်ဆီး ပျောက်ကွယ်နေပြီး ထင်းများ မြစ်ထဲသို့ မျောပါစီးဆင်းနိုင်ခြင်း မရှိတော့ပေ။ ထင်းရှာနေရသည့် မိသားစုအိမ်ရှင်မများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လာသည်။ တခါတရံတွင် ချက်ပြုတ်ရန်အတွက် ထင်းတွေ ဝယ်နေရသည်။ အချို့အမျိုးသမီးများသည် ရွာအနီးထင်းရှား လာသည့်အတွက် တခါတလေ ထင်းရှာရန် တောထဲသို့ သွားရှာရသည်။ အမျိုးသမီးတွေက ထင်းခုတ်ပြီး တစ်နေရာတွင်စုပြီး အိမ်သို့သယ်ဆောင်ရသည်။ ထင်းလုံးများသည် လေးသောကြောင့် အမျိုးသမီးများ အတွက် ဆိုင်ကယ်ဖြင့် ထင်းစည်းသယ်ယူရန် ခက်ခဲသည်။ တချို့မိသားစုတွင် ခင်ပွန်းဖြစ်သူက အခြားမိုင်းတွင်းနေရာတစ်ခုတွင် အလုပ်သွားလုပ်နေရသဖြင့် မိသားစုနှင့် အတူတကွ နေထိုင်နိုင်ခြင်း မရှိပေ။ အမျိုးသမီးများသည် အိမ်ထောင်စုစီမံခန့်ခွဲမှုအတွက် အဓိကတာဝန်ယူရသူဖြစ်သည်။ ယခုအခါတွင် ရွာသားအများစုသည် နေ့စားအလုပ်သမားများ ဖြစ်လာကြသည်။

"ကျနော့်ဇနီး နေမကောင်းဖြစ်တဲ့အချိန်တွေမှာ အိမ်အလုပ်နဲ့ ကလေးတွေကို ပြုစုဖို့ အတော် ခက်ခဲတယ်။ ကျနော်လဲ မိုင်းတွင်းမှာ အလုပ်လုပ်နေရတဲ့အတွက် အိမ်မှာမရှိနိုင်ဘူး ဆက်သွယ်ရေး ဖုန်းလိုင်းတွေလဲမရှိဘူး။ ကျနော့်ဇနီးတစ်ယောက်တည်း ဒီအခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားပြီး စိတ်သက်သာရာရစေဖို့ စိတ်ကို တည်ငြိမ်ဖို့ ဘုရားသခင်ထံဘဲဆုတောင်းတယ်။ ကျနော်တို့က

ခရစ်ယာန်ယုံကြည်တဲ့ မိသားစုဖြစ်တဲ့အတွက် ပြဿနာတွေကို မဖြေရှင်းနိုင်တဲ့အချိန်တွေမှာ ဘုရားသခင်ထံ ဝန်တွေ ပေးအပ်လေ့ရှိတယ်။ ကျနော်တို့ရဲ့ ဝန်ထုပ်ဝန်ပိုးအားလုံးကို ဘုရားသခင်က ထမ်းပေးမယ်လို့ ယုံကြည်ထားပါတယ်” ဟု နောင်နန်းကျေးရွာမှ ရွှေတူးဖော်သူတစ်ဦးက ပြောပြသည်။

နောင်နန်းကျေးရွာမှ အမျိုးသမီးသစ်ဦးက “ကျမတို့ရွာမှာ အလုပ်ရှာဖို့ အိမ်ကထွက်သွားတဲ့အမျိုးသမီးတွေရှိတယ် သူတို့ကလေးတွေ ရှိပေမယ့် အိမ်ဘယ်တော့မှ ပြန်မလာတော့တဲ့ အမျိုးသမီးတွေရှိတယ်။ ဒီလိုတွေ ဖြစ်ရတဲ့အကြောင်းအရင်းကတော့ သူတို့လက်တွဲဖော်တွေ ရှာတွေ့ သွားပြီး အဲဒီမှာဘဲ မိသားစုအသစ် ထူထောင်သွားတယ်။ အဓိကကတော့ ခင်ပွန်းသည်က မိသားစု အတွက် ငွေလုံလုံလောက်လောက် မထောက်ပံ့ဘဲ မိသားစုအပေါ်မှာလည်း တာဝန်မကျေတဲ့အတွက် ကြောင့်ဖြစ်တယ်။ အလားတူဘဲ အချို့အမျိုးသားတွေလည်း အိမ်မပြန်လာတော့ဘူး။ ရွှေမှော်မှာဘဲ လက်တွဲဖော်အသစ်နဲ့ဘဝအသစ်ထူထောင်လိုက်ကြတယ်။ ဒီလိုတွေကြောင့် မိသားစုတွေ အထူးသဖြင့် ကလေးတွေရဲ့ပညာရေး၊ ကျန်းမာရေးတွေကို ထိခိုက်စေတယ်။ အချို့အမျိုးသမီးတွေက မိသားစုနဲ့ ငွေကြေးအခက်အခဲဖိအားကြောင့် စိတ်ရောဂါတွေပါ ခံစားနေရတယ်။”

“ရွှေတူးတဲ့လုပ်ငန်းကတော့ ခက်ခဲတယ် ကံကြမ္မာအပေါ်မူတည်တယ် ရွှေတွေ ဘယ်နေရာမှာရှိနေတယ်ဆိုတာ မသိမြင်နိုင်၊ ခန့်မှန်းလို့လဲမရနိုင်ဘူး။ ကျနော်ဝင်ငွေအတည်တကျမရှိတဲ့အချိန်မှာ မိသားစုတွေကို ငွေမပို့နိုင်တဲ့အချိန်မှာ အခက်အခဲကြုံရတယ်။ ဒီလိုရွှေတူးဖော်တဲ့အလုပ်က မသေချာ မရေရာတဲ့ အလုပ်တစ်ခုပါ။ တခါတလေမှာ စိတ်ဓါတ်ကျသလို ခံစားရတယ်။ ကျနော့်မှာ အတွေး များစွာ တွေးဖြစ်ပြီး ကျနော့်မိသားစုတွေ သူတို့နေ့စဉ်ဘဝကို ဘယ်လိုရုန်းကန်နေရသလဲ၊ ဘာတွေ စားနေကြသလဲ၊ ဈေးထဲကဆန်ဝယ်ဖို့ရော ပိုက်ဆံအလုံအလောက်ရှိရဲ့လား။ အလုပ်ရှင်တွေက အလုပ်သမားတွေရဲ့လုပ်အားခများကို အရစ်ကျဖြင့်ပေးသောကြောင့် လုပ်အားခအပြည့်မရရှိပေ၊ တခါတလေ ရွှေတွင်းလုပ်သားတွေက နေ့စဉ်လုပ်အားခ တွေ မရတာတွေလဲရှိတယ်။ အကယ်၍ အလုပ်ရှင်က လုပ်အားခအပြည့်အဝပေးရင် မိသားစုကို ထောက်ပံ့ဖို့ လုံလောက်ပါတယ်။ အဲဒါကြောင့် မိသားစု စားဝတ်နေရေးအခက်အခဲကြုံတွေ့နေရတယ်” ဟု နောင်နန်းကျေးရွာမှ ရွှေတူးဖော်သူတစ်ဦးက ပြောပြသည်။

ရွှေတူးဖော်မှုလုပ်ငန်းကို မှီခိုနေရသော မိသားစုများသည် လူမှုရေးပြဿနာများ ကြုံတွေ့နေရပြီး ဥပမာ ဇနီးသည်အများစုမှာ ၎င်းတို့၏ ခင်ပွန်းသည် ငွေကြေးအလုံအလောက် မထောက်ပံ့နိုင်ကြသောကြောင့် စိတ်ပျက်ကြသည်။ မိုင်းတွင်းတွင် နေကြသည့်

မိုင်းလုပ်သားအများစုသည် မူးယစ်ဆေးစွဲပြီး ၎င်းတို့၏ မိသားစုများကို ဂရုစိုက်မှု နည်းလာကြသည်။ ထို့ကြောင့် အမျိုးသမီးအများစုသည် ၎င်းတို့၏ မိသားစု အတွက် ဝန်ထုပ်ဝန်ပိုးကို ထမ်းထားသလို ဖြစ်စေသည်။ ဇနီးသည်က မိသားစုအရေးကို အတူတူ အဖြေရှာရန် ဆွေးနွေးခြင်သော်လည်း မူးယစ်ဆေးစွဲနေသည့် ခင်ပွန်းသည်က စိတ်ဝင်စားမှုမရှိပေ။ အမျိုးသားအများစုက မိသားစု၏ ခက်ခဲသည့် အကြောင်းကို မကြားချင်ကြပေ။ အကြောင်းမှာ မူးယစ်ဆေးစွဲသူများသည် ၎င်းတို့၏ မိသားစုကို လုံလုံလောက်လောက် မထောက်ပံ့နိုင်ကြောင်း သိနေ သည့်အတွက်ကြောင့် ပြဿနာများကို လျစ်လျူရှုသည့်ပုံစံသည် ၎င်းတို့ကို စိတ်သက်သာရာရစေသည်ဟုမှတ်ယူလိုက်ပြီး နေထိုင်ကြသည်။ ထို့ကြောင့် ဧရာဝတီမြစ်ကမ်းမှာ ရွှေတူးဖော်မှုလုပ်ငန်းများ ဆက်ရှိနေလျှင် ၎င်းပြဿနာများသည် အမျိုးသမီးများကို တနည်းတဖုံ ထိခိုက်စေမည်ဟု ထင်ပါသည်။

မလိယာန်ရွာမှ ရွှေတူးဖော်သူတစ်ဦးက "ကျနော် စိန်ခေါ်မှုနဲ့ပြဿနာတွေ ကြုံတွေ့နေရပြီး စကားနဲ့ ထုတ်ပြောဖို့တောင် နည်းလမ်းမရှိဘူး။ အထူးသဖြင့် ကျနော့်ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ အစားအသောက်နဲ့ အာဟာရအတွက် မိသားစုကို စောင့်ရှောက်ဖို့ လိုအပ်နေတယ်။ ရွာသားအများစုဟာ ရွှေတူးတဲ့အလုပ်မှ အကျိုးအမြတ်များမရရှိဘဲ သဘာဝဘေးဒဏ်နဲ့ မြေယာနဲ့ အသက်မွေးဝမ်းကျောင်း ဆုံးရှုံးမှုသာ ကျန်ရှိသည်။ ရွှေတူးသည့် မိသားစုနှင့် ရွှေမတူးသည့်မိသားစု ကွာခြားချက်များရှိသည်။ ရွှေတူးသည့်မိသားစုသည် မိသားစုနှင့်အတူ မကြာခဏ မနေနိုင်သောကြောင့် ကလေးများသည် မိဘအုပ်ထိန်းမှုနှင့် နွေးထွေးမှု လုံလုံလောက်လောက် မရရှိသဖြင့် ကလေးများသည် လမ်းလွဲသွားကာ အမူအကျင့်များလည်း ပြောင်းလဲလာသည်။ အချို့လူငယ်များသည် မူးယစ်ဆေးစွဲပြီး ကျောင်းထွက်ကာ ရွှေမှော်တွင် လုပ်ကိုင်ကြသည်။ မူးယစ်ဆေးစွဲမှု ထောင်ချောက်အောက်မှာ နေထိုင်တဲ့ လူငယ်တွေ အများကြီးကို ရောက်သွားစေတယ်။"

"အရင်တုန်းကတော့ ကျနော်မူးယစ်ဆေးဝါးမသုံးဖူးပေမယ့် ရွှေမှော်မှာ ရွှေတူးဖော်ခြင်းရပ်နားတဲ့အချိန်တွေမှာ အပျော်သဘောအနေနဲ့ စိတ်သက်သာရာရစေဖို့ မူးယစ်ဆေးကို စသုံးခဲ့တယ်။ အဲအချိန်ကစပြီး ကျနော်ဟာ မူးယစ်ဆေးစွဲသူတစ်ယောက်ဖြစ်လာတယ်။ နောက်ပိုင်းမှာတော့ မိသားစုကို မထောက်ပံ့နိုင်တော့ဘဲ ဇနီးနဲ့လဲ ကောင်းကောင်းစကားမပြောဖြစ်၊ သူပြောသမျှကို အမြဲတမ်းအဆိုးမြင်နေခဲ့တယ်။ ပြီးတော့ စိတ်ဓာတ်ပိုင်းပျက်ယွင်းသွားပြီး စကားပြောတိုင်း ရန်တွေ့နေခဲ့တယ်။ မူးယစ်ဆေးကြောင့် ကျနော့် မိသားစုအတွက် အထူးသဖြင့် ကျနော့်ရဲ့သားသမီးတွေအတွက် စံနမူနာကောင်း မပြနိုင်ခဲ့ဘူး။ အထူးသဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် သားသမီးများအတွက် မိသားစုအတွက် စံနမူနာကောင်း မပြနိုင်ခဲ့ပါ။ အခုတော့ မိသားစုနဲ့ အတူမနေနိုင်တော့ဘဲ ရွှေမှော်မှာ အချိန်အများစုကို ကုန်ဆုံးပြီး ရွှေတွင်းလုပ်သားအဖြစ် လုပ်ကိုင်ရင်း နေ့စဉ်အခက်အခဲတွေကို

ကျော်ဖြတ်နေရပါတယ်။ ရွှေမှော်မှာ ကောင်းတဲ့အရာတွေသိပ်မရှိဘူး အရက်ဆိုင်တွေ မူးယစ်ဆေးရောင်းဝယ်မှုတွေ နဲ့ လိင်အလုပ်သမားတွေ အများကြီးရှိနေတယ်” ဟု နောင်နန်းကျေးရွာမှ ရွှေလုပ်သားတစ်ဦးက ပြောပြသည်။

**အသက် ၂၂ နှစ်အရွယ် ကလေးနှစ်ဦးမိခင်၊ အိမ်အကူလုပ်ကိုင်သူ အမျိုးသမီးငယ်တစ်ဦး အဓမ္မပြုကျင့် ခံရပြီး ရွှေတူးဖော်မှုနေရာတွင် သေဆုံးသွားခြင်း။**

“ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဖန်ရေချောင်းရွှေမှော်တွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းတွင် ချိုလင်း (ခ) ဦးဇော်ဂျာ၏ ရွှေလုပ်ကွက်တွင် ရွှေတူးဖော်နေသူ အမျိုးသမီးငယ် တစ်ဦး အဓမ္မပြုကျင့်သတ်ဖြတ်ခံခဲ့ရသည်။ အဆိုပါ အမျိုးသမီးသည် ချက်ပြုတ်သည့်အလုပ် လုပ်ကိုင် နေသူ ကလေးနှစ်ယောက်၏မိခင် အသက် ၂၁ နှစ်အရွယ် ဒေါ်တန်ဘောင်ခေါင်နန်းဖြစ်သည်။ အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့တဲ့ အမျိုးသားရဲ့ အမည်ကို မသိရသေးပေ။ ဤနယ်မြေသည် ဂွေးထူး ပြည်သူ့စစ်ခေါင်းဆောင် ဦးလဆန်းအောင်ဝါး၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။ နှစ်ရက်မြောက် အကြာတွင် သူမ၏အလောင်းကို ကိုယ်လုံးတီးဖြင့် ဖုန်အိန်ချောင်းတံတားအောက်မှာ ညနေပိုင်းအချိန် တွင် တွေ့ရှိရသည်။ ဒေသခံအာဏာပိုင်တွေက အရေးယူမှုမရှိသလို သေဆုံးသူ၏ မိသားစုအတွက် မျှတသည့် လျော်ကြေးလည်း မရှိပါ။” ဟု မလိယာန်ကျေးရွာမှ အမျိုးသမီးခေါင်းဆောင်တစ်ဦးက ပြောပြ ပါသည်။

## နိဂုံး

နိုင်ငံရေးနှင့် ကပ်ရောဂါအကျပ်အတည်းကာလတွင် သဘာဝသယံဇာတအရင်းမြစ်များကို ထုတ်ယူမှု တိုးမြင့်လာပြီး အမြဲလိုလို တရားမဝင်နည်းလမ်းဖြင့် ထုတ်ယူကြပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဖူလုံ ရေးတို့ကို သိသိသာသာ ထိခိုက်စေပါသည်။ ဤဖြစ်ရပ်လေ့လာမှုတွင် စစ်အာဏာရှင်၏ လုံခြုံရေး တပ်ဖွဲ့များနှင့် ၎င်း၏မဟာမိတ်ဖြစ်သည့် ပြည်သူ့စစ်တို့သည် မိုင်းသတ္တုတွင်းတူးဖော်ခြင်းအား ခွင့်ပြု ရန်နှင့် အခွန်အခကောက်ခံခြင်းကို အဓိကလုပ်ဆောင်သူများဖြစ်ကြသည်။ အခွန်ကောက်ခံခြင်းကို တရားဝင်အာဏာပိုင်အစိုးရများကသာ စီမံခန့်ခွဲသင့်သည်။ ဆိုလိုသည်မှာ ဒီမိုကရေစီအစိုးရ (ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့မှ သတ္တုတွင်းပါမစ်များထုတ်ပေးခြင်း) နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများတို့ဖြစ်သည်။ ဤအာဏာပိုင်များသည် ရပ်ရွာလူထုအပေါ်တွင် တာဝန်ခံမှု ရှိရမည်။

သို့သော်လည်း လက်ရှိတွင် ဤဖြစ်ရပ်လေ့လာမှု နှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ စစ်အစိုးရသည် လက်နက်ကိုင် ဂိုဏ်းကဲ့သို့ လုပ်ဆောင်နေပြီး နိုင်ငံ၏ဝင်ငွေများကို သိမ်းယူလိုက်သည်။ သို့သော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းခြင်းတို့အပေါ် တာဝန်ယူမှုရှိရန် စသည့် လုပ်ဆောင်ချက်များလည်းမရှိပေ။ ဤကြားကာလတွင် စစ်အာဏာရှင်တို့က သူတို့ကိုယ်သူတို့ အိမ်စောင့်အစိုးရအဖြစ် ကြေညာထားသော်လည်း တရားဥပဒေစိုးမိုးမှု အားကောင်းလာစေရန် လုပ်ဆောင်မည်မဟုတ်ကြောင်း သိသာထင်ရှားနေသည်။ သတ္တုမိုင်းတူးဖော်ရေးလုပ်ငန်းများသည် စစ်တပ်နှင့် မည်မျှ ချိတ်ဆက်မှုရှိနေသည်၊ သတ္တုမိုင်းမှ ကောင်ခံရရှိသော ဝင်ငွေများကို မည်ကဲ့သို့ သုံးစွဲနေသည်ကို မသိနိုင်ပေ။

ထိရောက်သော ဥပဒေနှင့် စည်းမျဉ်းများမရှိလျှင် တရားမဝင်စီးပွားရေးနှင့် အဂတိလိုက်စားမှုများ ကြီးထွားလာကာ မြေသိမ်းဆည်းမှုများ ဆက်လက်တိုးပွားလာကာ မိုင်းတွင်းနေရာများတွင် ရွှေ့ပြောင်း အလုပ်သမားအရေအတွက်လည်း တိုးလာပြီး ဒေသခံနှင့် ရွှေ့ပြောင်းအလုပ်သမားများကြား ပဋိပက္ခများ တိုးများလာကာ မတူညီသည့် နိုင်ငံရေးအုပ်စုနှင့် စီးပွားရေးအကျိုးမျှော်ကိုးသည် အင်အားစုများအကြားလည်း ပို၍ ပြဿနာပဋိပက္ခတိုးပွားလာမည်ဖြစ်သည်။ ထိခိုက်လွယ်သောအုပ်စုများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများလည်း ဖြစ်လာပေမည်။

ၒင်းထိခိုက်မှုများအတွက် သင့်လျော်သောကုထုံးမှု၊ လျော့ချမှုများ လုပ်ဆောင်မှုမရှိလျှင် နဂိုမူလအတိုင်းပြန်ပြီးမဖြစ်နိုင်ပေ။ လက်ရှိနှုန်းအတိုင်း သတ္တုမိုင်းဆက်လက်တူးဖော်နေပါက ကချင်ပြည်နယ်ရှိ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေး၊ သစ်တော နှင့် ရေအရင်းအမြစ်များ ဆုံးရှုံးနိုင်ခြေများပြီး မကြာမီကာလတွင် ကချင်ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ် များလည်း ပျောက်ကွယ်သွားမည်ဖြစ်သည်။

ကချင်ပြည်နယ်ရှိ ရွှေတူးဖော်မှု နှင့် ပတ်သက်၍ စစ်ကောင်စီမှ ခွင့်ပြုချက်ပေးနေသည်ကို ရပ်တန့်သင့်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် သဘာဝ ပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုကို ရှေ့ရှုပြီး ကချင်ပြည်နယ်တွင် ရွှေတူးဖော်ခြင်း လုပ်ငန်းများကို တားမြစ်သင့်ပြီး သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် ဥပဒေ မူဘောင်များ ချမှတ်သင့်ပါသည်။ ကချင်ပြည်နယ်မှ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များက ရွှေတူးဖော်ခြင်းအား ထုတ်ဖော်ပြောဆိုဆန့်ကျင်ပြီး သတ္တုတူးဖော်ခြင်းကို ရပ်တန့်ရန် အတူတကွစုပေါင်းလုပ်ဆောင် သင့်သည်။

## အကြံပြုတိုက်တွန်းချက်များ

မူဝါဒချမှတ်သူများသို့

- ကချင်တိုင်းရင်းသားများ၏ သမိုင်းကြောင်းနှင့် အရေးပါသော ယဉ်ကျေးမှုနေရာများနှင့် မြစ်ကမ်းပါးတစ်လျှောက် နေထိုင်သူအပါအဝင် သန်းပေါင်းများစွာသော မြန်မာနိုင်ငံပြည်သူများအတွက် အသက်သွေးကြောဖြစ်သည့် မြစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်။
- ကချင်ပြည်နယ်တွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုများ ကြီးမားလာနိုင်သည့် ရွှေတူးဖော်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားရန်။
- တိုင်းရင်းသားတို့၏ အကျိုးကို အလေးထားပြီး ၂၀၁၈ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေကို ဖျက်သိမ်းပေးရန်။
- လက်ရှိသတ္တုမိုင်းကုမ္ပဏီများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ စည်းမျဉ်းစည်းကမ်း များ နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်လေ့လာခြင်း (EIA) လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ရန်။

- ဒေသခံပြည်သူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည့် ထိခိုက်လွယ်သော လူအုပ်စုအများအပေါ် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအပေါ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို ဥပဒေတရပ်အဖြစ် လိုက်နာစေရန် ကူညီပံ့ပိုးဆောင်ရွက်ရန်။

- ကချင်ဒေသရှိ ဒေသခံပြည်သူလူထုတို့၏ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ထုတ်ဖော်ပြောဆိုသူများကို အကာအကွယ်ပေးရန်။

- ကချင်ပြည်နယ်မှ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ ရှေ့တူးဖော်ခြင်းအား အတူတကွစုပေါင်း ထုတ်ဖော်ပြောဆိုဆန့်ကျင် ကန့်ကွက်ရန်။

မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများထံ ကျွန်ုပ်တို့ တောင်းဆိုလိုသည်မှာ

- ကချင်ရပ်ရွာအသိုင်းအဝိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ အသက်မွေးဝမ်းကျောင်း၊ ကျန်းမားရေ နှင့် ယဉ်ကျေးမှုအပေါ် လက်ရှိထိခိုက်ပျက်စီးမှုများကို အသိပညာပေးလုပ်ဆောင် ရန်နှင့် စောင့်ကြည့်သူအဖြစ် လုပ်ဆောင်ရန်။

- ၂၀၁၈ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေကို ဖျက်သိမ်းရန် စည်းရုံးဆော်သြရန်။

- လိုက်လျောညီထွေမှုနှင့် ပြဿနာလျော့ချနိုင်မှုအစီအမံများအလေ့အထများကို အတူတကွလုပ်ဆောင်ပြီး၊ ဒေသခံများငင်းတို့ကိုယ်တိုင် ရပ်တည်လာနိုင်ရန် အတွက်စွမ်းဆောင်ရည်မြင့်တင်ပေးရန်

နိုင်ငံတကာအသိုင်းအဝိုင်းသို့ တောင်းဆိုလိုသည်မှာ

- အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ကချင်ပြည်နယ်ရှိ ဒေသခံတို့ကို ပံ့ပိုးပေးရန်

- မူဝါဒချမှတ်သူများအား တိုက်တွန်းဆော်သြရန်

- သက်ဆိုင်ရာနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများပေးရန်

# ကိုးကားချက်များ

Reuters. (2021). ***Myanmar currency drops 60% in weeks as economy tanks since Feb coup***. Retrieved from https://www.reuters.com/world/asia-pacific/myanmars-junta-powerless-currency-drops-60-four-weeks-economy-tanks-2021-09-29/

The World Bank. (2021). ***Stop Myanmar Economy Expected to Contract by 18 Percent in FY2021: Report.*** Yangon, Myanmar: The World Bank**.**

The World Bank. (2022). Myanmar Economic Monitor July 2022: Reforms Reversed. Retrieved from -https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-july-2022-reforms-reversed.

